
# THE LOCKED ROOM

## PAUL AUSTER

# ပိတ်ထားတဲ့အခန်း

ဒိနို့မို့ (မြန်မာပြန်ဆိုသည်)




mgyoe.com

mgyoe.com SAMPLE BOOK

# THE LOCKED ROOM

## PAUL AUSTER



# ပိတ်ထားတဲ့အခန်း

ဒိနို့မို့ (မြန်မာပြန်ဆိုသည်)

ISBN 978-99971-0-376-5
K0376
9 789997 103765

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - အောက်တိုဘာလ၊ ၂၀၁၆ ခုနှစ်။ အိပ်မက်အသစ်စာပေ။

ဒုတိယအကြိမ် - ဩဂုတ်လ၊ ၂၀၁၉ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - မျိုးမျိုး ပုံနှိပ်တိုက် (၀၁၅၃၃)
အမှတ်-၁၁၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း - ဖြူမွန်

တန်ဖိုး - ၂၇၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## ဘာသာပြန်သူ၏အမှာ

### ပေါလ်အော်စတာ သုံးယောက်

### (ပထမအကြိမ်ပုံနှိပ်ခြင်းမှ)

ဘာကြောင့်မှန်း မသိပါ။ ပေါလ်အော်စတာသည် ကျွန်တော့်ကို Inspire ဖြစ်စေခဲ့သော စာရေးဆရာ အနည်းငယ်ထဲ ပါနေခဲ့ပါသည်။ သူ့ဝတ္ထုများ ပြန်ဆိုရသည်ကို အလုပ်တစ်ခု၊ ဝန်ထုပ်ဝန်ပိုး တစ်ခုဆိုသည်ထက် အရသာ ရှိလှသော အစားအသောက်ကို ပြင်ဆင်နေရသူလို အမြဲခံစားမိခဲ့သည်။ တစ်ချိန်တည်းမှာ ထိုအရသာကို လူတိုင်း မခံစားနိုင်မှန်းလည်း သိနေခဲ့သည်။ သူ့ဝတ္ထုတွေရဲ့ အရသာက ဝိုင်အကောင်းစားလို ဆွတ်ပျံ့သင်းရီလို့။ ဖြည်းဖြည်း ငြိမ့်ငြိမ့်လေး အရသာ ခံတတ်ဖို့လိုသည်။ ချဉ်ချဉ်တူးတူး မူးရင် ပြီးရော ဘဝကိုမေ့ပြီး ဝတ္ထုထဲ ခုန်ချချင်သူများအတွက်တော့ မကိုက်လှ။ သူက ဝတ္ထုထဲ ခုန်ချချင်သူများကို နေရာချပေးဖို့ နေနေသာသာ သူကိုယ်တိုင်တောင် သူ့ဇာတ်ကောင်တွေနောက်လိုက်ရင်း ပျောက်ဆုံးနေတဲ့ စာရေးဆရာမျိုး။ ဒီဝတ္ထုတွေကို အမှန်တကယ် ရေးနေတာ ဘယ်သူလဲလို့ အမြဲ မေးခွန်းထုတ်နေ တတ်တဲ့ စာရေးဆရာမျိုး။ သူ့ကို အမေရိကရဲ့ တီထွင်ဖန်တီးမှုအရှိဆုံး စာပေအိုင်ကွန်းတစ်ယောက်အနေနဲ့ သိကြပေမယ့် မြန်မာပြည်မှာတော့ စာပေ သမားတွေကြားမှာတောင် သိပ်ရေပန်းစားလှတဲ့ သူ မဟုတ်။

mgyoe.com

mgyoe.com SAMPLE BOOK

သို့သော် ရှုးရှုးမိုက်မိုက်ပဲ နယူးယော့ခ် သုံးအုပ်တွဲလုံးကို ပြန်ဆိုဖြစ်ခဲ့သည်။ ပထမတွဲ (မှန်သားမြို့တော်) ကို စာပေ ရှုးသွပ်ပြီး ထုတ်ဝေရေး လောကထဲ ဝင်လာသူ ကိုမောင်အေး၏ ရေသောက်မြစ်က ထုတ်ဝေခဲ့သည်။ ကျန်နှစ်တွဲကို ထုတ်ဝေဖို့ သူ့မှာ ဆန္ဒရှိသော်လည်း ရေသောက်မြစ်က ရေခန်းသွားခဲ့သည်။ ဒီတော့ အားလုံး ပြင်ဆင်ပြီးဖြစ်နေသည့် ဒုတိယတွဲ(တစ္ဆေ)ကို ကိုယ့်ဘာသာကိုယ်ပဲ သီးသန့်ကောင်းကင်ကနေ ထုတ်ဝေခဲ့သည်။ စီးပွားရေးအရ အကျိုးအမြတ် မသေချာလှသည့် စာအုပ်ကို ဘယ်စာအုပ်တိုက်ကိုမှ ပြမနေတော့။ ဒီလိုပဲ တတိယတွဲ (ပိတ်ထားတဲ့အခန်း) ကိုလည်း ကိုယ်အဆင်ပြေတဲ့ တစ်နေ့မှ စိတ်ကြိုက်ထုတ်မည်ဟု တေးထားခဲ့သည်။

ဒီကြားထဲမှာ ပေါလ်အော်စတာနှင့် ပတ်သက်ပြီး ကိုယ့်လိုပဲ ရှုးသွပ်သည့် ကိုကဲ(ကဲဆုသာ)နှင့် ခင်မင်ရသည်။ တတိယတွဲ ထုတ်လျှင် ပြောပါ၊ မျက်နှာဖုံး ပန်းချီ ဆွဲချင်သည်ဟု ဆိုလာသည်။ ဒုတိယတွဲတောင် ကုန်အောင် အချိန်ယူရောင်းရဦးမှာကို သိနေသည့်အတွက် ထုတ်ဖြစ်တော့ ဆွဲပေါ့ဗျာဟုသာ ပြောထားလိုက်သည်။ ဘယ်တော့ ထုတ်ဖြစ်မယ်မှန်း မသိ။

တစ်လောကမှ Facebook ကနေတစ်ဆင့် ကိုဝင်းလွင်ဦး (အိမ်မက်အသစ်စာပေ)က ဆက်သွယ်လာသည်။ မထင်မှတ်ဘဲ သူကလည်း ပေါလ်အော်စတာ ရှုးသွပ်သူတစ်ယောက် ဖြစ်နေခဲ့သည်။ လန်ဒန်ကနေ ပေါလ်အော်စတာ စာအုပ်တွေ တစ်ထပ်ကြီး မှာထားကြောင်းလည်း သိရသည်။ ဒီလိုနဲ့ သူက ပိတ်ထားတဲ့ အခန်းကို ထုတ်ဖို့ ကမ်းလှမ်းလာခဲ့သည်။

စာအုပ်ထုတ်ဖို့ ကမ်းလှမ်းလာတာကို ဝမ်းသာမိတာထက် ပေါ်ပြူလာမဟုတ်တဲ့ အရာတွေကို ရိုးရိုးသားသား စွဲလမ်းကြတဲ့ လူတွေအချင်းချင်း ဆုံစည်းရတာကို ဝမ်းသာမိသည်။ ဒီလိုနဲ့ ပေါလ်အော်စတာ ရှုးသွပ်ကြသူ သုံးဦး ဆုံစည်းမိကြသည်။ တစ်ဦးက ဘာသာပြန်၊ တစ်ဦးက အဖုံးဆွဲ၊ တစ်ဦးက ထုတ်ဝေ။ အရေအတွက် နည်းကောင်း နည်းမည်။ ကိုယ့်လိုပဲ ပေါလ်အော်စတာရဲ့ ပို့စ်မော်ဒန်ဝတ္ထုတွေကို တန်ဖိုးထား ဖတ်ရှုသူတွေ ရှိနေသေးသည် ဆိုတာကို သိရသည့်အတွက်လည်း အားတက်မိပါသည်။ အခြားသော လူသိနည်းသေးသည့် လက်ရာကောင်းများကို ပြန်ဆိုသွားဖို့လည်း စဉ်းစားထားပါသည်။ လမ်းတူလျှင် လူချင်းတွေ့ကြမည်ဟု ယုံကြည်လျက်။

ဒီနိုမို

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း(၁)

အခုတော့ ဖန်ရှောတစ်ယောက် အဲဒီမှာ တစ်ချိန်လုံး ရှိနေခဲ့တယ်လို့ ကျွန်တော် ထင်လာမိပြီ။ သူဟာ ကျွန်တော့်အတွက် အရာရာ စတင်စေခဲ့သည့် နေရာပဲ ဖြစ်သည်။ သူ မရှိဘဲ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် ဘယ်သူဘယ်ဝါ ဆိုတာ သိဖို့မလွယ်။ သူနဲ့ ကျွန်တော်က စကားမပြောတတ်ခင် ခါးတောင်းကျိုက်နဲ့ မြက်ခင်းပြင်ပေါ်မှာ တွားသွားသည့် အရွယ်ကတည်းက ဆုံခဲ့ကြသည်။ ခုနစ်နှစ်သားအရွယ်ရောက်တော့ ကျွန်တော်တို့တွေ လက်ထိပ်ကို ပင်အပ်နဲ့ ဖောက်ပြီး သွေးသောက် ညီအစ်ကို ဖွဲ့ကြသည်။ အခုအချိန် ကလေးဘဝကို ပြန်စဉ်းစားကြည့်ရင် ကျွန်တော် ဖန်ရှောကိုပဲ မြင်ယောင်လာမိသည်။ သူဟာ ကျွန်တော်နဲ့ အတူ အမြဲရှိခဲ့သည်။ ကျွန်တော့် အတွေးတွေကို အမြဲ မျှဝေခဲ့သည်။ ကျွန်တော် ကြည့်လိုက်တဲ့ အချိန်တိုင်းမှာ သူက အမြဲရှိနေခဲ့သည်။

ဒါပေမဲ့ ဒါတွေက အတော့်ကို ကြာခဲ့ပါပြီ။ ကျွန်တော်တို့တွေ ကြီးပြင်း လာကြသည်။ တစ်ယောက် တစ်နေရာဆီ သွားခဲ့ကြသည်။ ခွဲခွာခဲ့ကြသည်။ ဒါတွေအားလုံး ဘာမှမဆန်းဟု ကျွန်တော် ထင်သည်။ ကျွန်တော်တို့ ဘဝတွေက ကျွန်တော်တို့ကို လမ်းရဲ့ သယ်ဆောင်ရာ လိုက်ပါစေခဲ့သည်။ ကျွန်တော်တို့နှင့်အတူ ဘာမှ မကျန်ခဲ့။ ဖြစ်ရင်းနဲ့ ပျက်နေခဲ့သည်။ သေခြင်းတရားက နေ့စဉ်နေ့တိုင်း ကျွန်တော်တို့နှင့်အတူ ရှိနေခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK


လွန်ခဲ့သည့် ခုနစ်နှစ် အခုလို နိုဝင်ဘာလတွင် ဖြစ်သည်။ ကျွန်တော့်ဆီကို ဆိုဖီဖန်ရှော ဆိုသည့် မိန်းမဆီမှ စာတစ်စောင် ရောက်လာသည်။ "ရှင် ကျွန်မကိုသိမှာ မဟုတ်ဘူး" ဆိုပြီး စာက စသည်။ "အခုလို ရုတ်တရက်ကြီး ရှင့်ဆီကို စာရေးလိုက်ရတဲ့အတွက် ခွင့်လွှတ်ပါ။ ဒါပေမဲ့ အဖြစ်အပျက်တွေက ဖြစ်ပျက်ပြီးသွားခဲ့ပြီ။ အခြေအနေအရ ကျွန်မမှာ ရွေးချယ်စရာများများ မရှိဘူး"

လက်စသတ်တော့ သူမက ဖန်ရှော၏ ဇနီး ဖြစ်နေသည်။ သူမက ကျွန်တော့်ကို သူမယောကျ်ားနှင့်အတူ ကြီးပြင်းခဲ့မှန်း သိထားသည်။ ပြီးတော့ ကျွန်တော် နယူးယော့ခ်မှာ နေမှန်းလည်း သိထားသည်။ သူမက ကျွန်တော့်ဆောင်းပါး အတော်များများကို မဂ္ဂဇင်းတွေမှာ ဖတ်ဖူးထားသောကြောင့် ဖြစ်သည်။

ရှင်းလင်းချက်က ဒုတိယ စာပိုဒ်တွင် ပါသည်။ သို့သော် ဆိုင်းမဆင့်ဗုံမဆင့် တဲ့တိုး တုံးတိ ရေးထားသည်။ ဖန်ရှောတစ်ယောက် ပျောက်နေသည်ဟု သူမက ရေးထားသည်။ သူမ သူ့ကို နောက်ဆုံး မြင်ခဲ့ရကတည်းကဆိုလျှင် ပျောက်နေသည်မှာ ခြောက်လကျော်ခဲ့ပြီ။ ထိုကာလ တစ်လျှောက်လုံး သူဘယ်မှာများ ရှိမလဲ။ စကားလုံးတစ်လုံး၊ သဲလွန်စသေးသေး တစ်ခုပင် မချန်ခဲ့။ ရဲများလည်း သူ့သတင်းအစအနပင် မရ။ သူမ ငှားထားသည့် အလွတ်စုံထောက်လည်း လက်ဗလာနှင့်ပဲ ပြန်လာရသည်။

ဘာမှတော့ အသေအချာ မပြောနိုင်သေး။ သို့ပေမဲ့ အချက်အလက်များကတော့ ဖန်ရှောတစ်ယောက် သေကောင်း သေနေလောက်ပြီ။ သူ ပြန်လာမယ်လို့ ဘယ်လိုမှ ယူဆလို့မရဟု ပြောနေကြသလိုပင်။ အဲဒီလို အခြေအနေမျိုးမှာ သူမအနေနှင့် ကျွန်တော်နှင့် ဆွေးနွေးဖို့ အရေးတကြီး လိုနေခဲ့သည်။ ကျွန်တော့်အနေနှင့် သူမနှင့် တွေ့နိုင်မလား မေးထားသည်။

ဤစာက ကျွန်တော့်ကို ထိတ်လန့်စရာလေးတွေ တစ်ခုပြီး တစ်ခု ကြုံစေခဲ့သည်။ သတင်းအချက်အလက်တွေက များလွန်းလှသဖြင့် အားလုံးတစ်ပြိုင်တည်း မစုပ်ယူနိုင်။ ကျွန်တော့်ကို အဘက်ဘက်ကနေ ဝိုင်းဆွဲနေကြသလို ဖြစ်နေသည်။ ရုတ်တရက် မမျှော်လင့်ဘဲ ဖန်ရှောတစ်ယောက် ကျွန်တော့်ဘဝမှာ ပြန်ပေါ်လာခဲ့ပြီ။ သို့သော်လည်း သူ့နာမည် ပြန်ကြားရုံ ရှိသေး၊ ပျောက်ကွယ်လို့ သွားခဲ့ပြန်သည်။ သူ အိမ်ထောင်ကျပြီး နယူးယော့ခ် တွင်

mgyoe.com

mgyoe.com
SAMPLE BOOK


နေတယ် ဆိုတာက လွဲပြီး ကျွန်တော် မသိ။ တစ်ဖက်သတ် ပြောသည်ပဲ ဆိုဆို၊ သူကျွန်တော့်ကို ဆက်သွယ်ဖို့ အားမထုတ်ခဲ့တာကို စိတ်နာမိသည်။ အတိတ်ကာလတွေကို အမှတ်ရသည့်အနေဖြင့် ဖုန်းတစ်ချက်ပဲဖြစ်ဖြစ်၊ ပို့စ်ကတ်တစ်စောင်ပဲဖြစ်ဖြစ်၊ တစ်ခွက် တစ်ဖလားပဲဖြစ်ဖြစ် စီစဉ်ရတာ မခက်လှပါ။ သို့ပေမဲ့လည်း ကျွန်တော့်မှာလည်း အပြစ်တစ်ဝက် ရှိပါသည်။

ကျွန်တော် ဖန်ရှော အမေ နေသည့် နေရာကို သိပါသည်။ အကယ်၍ ကျွန်တော် သူ့ကို ရှာချင်လျှင် သူ့အမေကို အလွယ်လေး မေးနိုင်ပါသည်။ အဖြစ်ကတော့ ကျွန်တော် ဖန်ရှောကို လွှတ်ထားလိုက်သည်။ သူ့ဘဝမှာ ကျွန်တော်တို့ ခွဲခွာခဲ့သည့် အခိုက်အတန့်မှာတင် ရပ်ဆိုင်းသွားခဲ့ပြီဟု ကျွန်တော် မှတ်ယူထားသည်။ သူသည် ကျွန်တော့်အတွက် အတိတ်နှင့်သာ ဆိုင်သည်။ ပစ္စုပ္ပန်နှင့် မဆိုင်တော့။ သူသည် ကျွန်တော့် စိတ်ထဲမှာ အမြဲသယ်ဆောင်ထားခဲ့သော တစ္ဆေတစ်ကောင်သာ ဖြစ်ခဲ့သည်။ အမှန်တကယ် မရှိတော့သည့် သမိုင်းမတင်မီခေတ်က စိတ်ကူးသက်သက်သာ ဖြစ်ခဲ့သည်။ သူနှင့် ကျွန်တော် နောက်ဆုံးတွေ့ခဲ့တုန်းက ကာလကို ပြန်မှတ်မိဖို့ ကြိုးစားသော်လည်း မှုန်ဝါးဝါး ဖြစ်နေခဲ့ပြီ။ စိတ်ထဲမှာ မိနစ်အတန်ကြာ လျှောက်တွေးနေပြီးမှ သူ့အဖေ ဆုံးသည့် နေ့မှာ ရပ်သွားခဲ့သည်။ ထိုအချိန်က ကျွန်တော်တို့က အထက်တန်းကျောင်းသားဘဝ၊ ဆယ့်ခုနစ်နှစ်ထက် မပိုနိုင်သေး။

ကျွန်တော်လည်း ဆိုဖီဖန်ရှောကို ဖုန်းဆက်ပြီး သူမနှင့် တွေ့ရမှာ ဝမ်းသာပါသည်။ သူမ အဆင်ပြေသည့် အချိန် တွေ့နိုင်ပါသည်ဟု ပြောလိုက်သည်။ ဒီလိုနဲ့ နောက်တစ်နေ့ပဲ တွေ့ကြဖို့ သဘောတူလိုက်သည်။ သူမ အသံက ဝမ်းသာသွားသည့် အသံ။ ဒါတောင်မှ ကျွန်တော်က သူမကို သူ့အကြောင်း မကြားတာ ကြာပြီဖြစ်တဲ့ အကြောင်းနဲ့ သူ ဘယ်မှာ ရှိနေသလဲ မပြောနိုင်ကြောင်း ကြိုတင် ရှင်းပြထားသေးသည်။

သူမ နေသည်က ချဲလ်ဆီးရှိ အုတ်နီခဲရောင် တန်ဖိုးနည်း တိုက်ခန်းတစ်ခုမှာ။ အရင်ခေတ်ဟောင်းက ဆောက်ထားသည့် ဓာတ်လှေကား မရှိသော တိုက်ခန်းမြင့်ကြီးဖြစ်ပြီး လှေကားခွင်များက မှောင်မည်းနေကာ နံရံများမှာ ဆေးအဖတ်လိုက် ကွာကျနေကြသည်။ ကျွန်တော်လည်း သူမ နေသော ငါးလွှာသို့ တက်လာခဲ့သည်။ လှေကားတစ်လျှောက် တက်လာရင်း အခန်းများမှ ရေဒီယိုသံများ၊ တကျက်ကျက် စကားများသံများ၊ ရေအိမ်ဆွဲချသံများ

mgyoe.com

mgyoe.com  SAMPLE BOOK 

ကြားနေရသည်။ ကျွန်တော်လည်း ရပ်ပြီး အသက်ကို ဝအောင် ရှူလိုက်သည်။ ပြီးမှ တံခါးကို ခေါက်လိုက်သည်။

တံခါးလှည့်သံ တချောက်ချောက် ကြားရပြီး နောက် ဆိုဗီဖန်ရှော တစ်ယောက် ကျွန်တော့် ရှေ့မှာ ရပ်လျက်သား ပေါ်လာခဲ့သည်။ ဘယ်ဘက်လက်ထဲမှာ ကလေးလေးကို ချီလျက်သား။ သူမက ကျွန်တော့်ကို ပြုံးပြပြီး အထဲဝင်ဖို့ ဖိတ်ခေါ်နေစဉ် ကလေးငယ်လေးက သူမ၏ အညိုရောင် ဆံပင်ရှည်များကို ဆောင့်ဆွဲနေသည်။ သူမက အသာအယာပဲ ရှောင်ပြီး ကလေးငယ်လေးကို လက်နှစ်ဖက်ဖြင့် ကိုင်ကာ ကျွန်တော့်ဘက် လှည့်ပေးသည်။ "ဒါ ဘန်ပါ၊ ဖန်ရှောရဲ့ သားလေးပါ"ဟု သူမက ပြောသည်။ ကလေးက သုံးလခွဲသာ ရှိသေးသည်။ ပါးမှာ သွားရည် တများများကျနေပြီး လက်ကို ဇွေ့ယမ်းနေခဲ့သည်။ ကျွန်တော်လည်း ကလေးကို မြတ်နိုးဟန် ပြလိုက်သည်။ အမှန်တော့ ကျွန်တော် စိတ်ဝင်စားသည်က သူ့အမေ။ ဖန်ရှော တစ်ယောက် ကံကောင်းပါသည်။ အမျိုးသမီးက နက်မှောင်ပြီး ဉာဏ်ရည်ထက်မြက်သည့် မျက်လုံးများဖြင့် လှပသော အမျိုးသမီးတစ်ယောက် ဖြစ်သည်။ သူမ၏ အကြည့်က တည်ငြိမ်ပြီး ခက်ထန်သယောင်ပင်။ ပိန်ပိန်ပါးပါးနှင့် အရပ်အမောင်းကလည်း အနေတော်လေး။ သူမ၏ အမူအရာက ညင်သာလှသဖြင့် ကြည့်ကောင်းပြီး ရမ္မက်သွေးကြွစေသည်။ နိုးကြားနေသည့် စိတ်အတွင်းထဲကနေ ကမ္ဘာလောကကြီးကို ကြည့်နေသယောင်ပင်။ ဘယ်ယောကျ်ားမှတော့ ဒီလိုမိန်းမမျိုးကို တမင်ထားခဲ့မှာ မဟုတ်။ အခုလို ကလေးတစ်ယောက် ရှိလာသည့်အခါ ပိုပြီးပင် မဖြစ်နိုင်သေးသည်။ သူများတော့ မသိ၊ ကျွန်တော်သာ ဆိုလျှင်တော့ သေချာသည်။ ကျွန်တော် အခန်းထဲ လှမ်းမဝင်လိုက်ခင်ကတည်းက စိတ်ထဲမှာ ဖန်ရှောတစ်ယောက် သေဆုံးသွားလို့ပဲဟု အတပ်သိလိုက်သည်။

အခန်းက မီးရထားတွဲလေးလို၊ အထဲမှာ အခန်းငယ်လေးခန်းပါသည်။ အိမ်ထောင်ပရိဘောဂများက မည်ကာမတ္တ ကျိုးတိုးကျဲတဲ၊ တစ်ခန်းက အလုပ်စားပွဲ တစ်လုံးနှင့် ဘေးမှာ စာအုပ်များကို စီစီရီရီ ချထားသည်။ နောက်တစ်ခန်းကိုတော့ ဧည့်ခန်း လုပ်ထားသည်။ ကျန်နှစ်ခန်းကတော့ အိပ်ခန်း။

mgyoe.com

mgyoe.com SAMPLE BOOK

နေရာလေးက စနစ်တကျ သပ်သပ်ရပ်ရပ်လေး ပြင်ထားသည်။ အသေးစိတ်ကြည့်လျှင် ဟောင်းနွမ်းစုတ်ချာပေမယ့် နေရထိုင်ရ ခက်တာမျိုး တော့ မရှိ။ ကြည့်လိုက်သည်နှင့် ဖန်ရှော တစ်ယောက် ပိုက်ဆံမရှာမှန်း သိသာလှသည်။ တခြားအကြောင်းလည်း ရှိကောင်းရှိပေမည်။ သို့ပေမဲ့ ကျွန်တော်က စုတ်ချာဟောင်းနွမ်းမှုကို နှာခေါင်းရှုံ့တတ်သူမျိုး မဟုတ်။ ကျွန်တော့်အခန်းက ဒီထက်ပင် ကျပ်ညပ်ပြီး မည်းမှောင်နေသေးသည်။ တစ်လတစ်လ အိမ်ငှားခ ပေးဖို့ မည်မျှ ရုန်းကန်ရသလဲ ဆိုတာ ကျွန်တော် ကောင်းကောင်း သိပါသည်။

ဆိုဖီဖန်ရှောက ကျွန်တော့်ကို နေရာချပေးပြီး ကော်ဖီတစ်ခွက် ယူလာသည်။ ထို့နောက် စုတ်ပြတ်နေသော အပြာရောင် ဆိုဖာပေါ်မှာ ထိုင်ချကာ ကလေးငယ်ကို ပေါင်ပေါ်တင်ပြီး ဖန်ရှောတစ်ယောက် ပျောက်ဆုံး သွားပုံကို ကျွန်တော့်ကို ပြောပြနေခဲ့သည်။

လွန်ခဲ့သည့် သုံးနှစ်ခန့်က သူတို့ နယူးယော့ခ်တွင် ဆုံကြသည်။ တစ်လ အတွင်း သူတို့အတူပြောင်းရွှေ့နေကြပြီး နောက်တစ်နှစ်ပင် မကြာ လက်ထပ် လိုက်ကြသည်။ ဖန်ရှောနဲ့ နေရတာ သိပ်မလွယ်ဘူးဟု သူမက ဆိုသည်။ သို့သော် သူမ သူ့ကို ချစ်သည်။ သူ့အမူအရာကလည်း သူမကို ချစ်မြတ်နိုး ကြောင်း ပြနေခဲ့သည်။ သူတို့ အတူ ပျော်ပျော်ရွှင်ရွှင် နေကြသည်။ သူက ကလေးရဖို့ စိတ်စောနေခဲ့သည်။ သူတို့ကြားမှာ အမုန်းတရားများ မရှိ။ ဧပြီတစ်ရက်တွင် သူက သူမကို သူ့အမေရှိရာ နယူးဂျာစီသို့ နေ့လယ်ကျလျှင် သွားဦးမည်ဟု ဆိုလာသည်။ အဲဒီနောက် သူ ပြန်မလာတော့။ အဲဒီညက ညဉ့်နက်လာတော့ ဆိုဖီလည်း သူမယောက္ခမ ရှိရာ ဖုန်းဆက်သည်။ ထိုအခါ မှ ဖန်ရှော တစ်ယောက် သူမဆီ လုံးဝ ရောက်မလာခဲ့ကြောင်း သိရတော့သည်။ အရင်က ဒီလိုမျိုး တစ်ခါမျှ မဖြစ်ဖူး။ သို့ပေမဲ့လည်း ဆိုဖီက စောင့်ကြည့်ချင် သေးသည်။ သူမက ယောကျ်ားပြန်မလာတိုင်း ကြောက်စိတ် မွှန်နေတတ်တဲ့ မိန်းမမျိုး မဖြစ်ချင်။ ဖန်ရှောလည်း တခြားယောကျ်ားတွေလို လွတ်လွတ်လပ်လပ် နေချင်မှာပဲဟု သူမ ထင်သည်။

သူ ပြန်လာလျှင်လည်း အမေးအမြန်းမထူဖို့ ဆုံးဖြတ်ထားခဲ့သည်။ သို့ပေမဲ့ တစ်ပတ်ပြီး တစ်ပတ် ကြာသွားခဲ့သည်။

mgyoe.com

mgyoe.com

SAMPLE BOOK


သည့်နောက်တော့ သူမလည်း ရဲစခန်းကို အကြောင်းကြားရတော့သည်။ ထင်သည့်အတိုင်းပင် သူတို့က သိပ်ပူပန်ပုံ မရကြ။ အမှုအခင်း တစ်ခုခုနှင့် မပတ်သက်လျှင်တော့ သူတို့လည်း မတတ်နိုင်။ ယောက်ျားအတော်များများ သူတို့မိန်းမတွေကို ပစ်ပြေးကြသည်။ အများစုက အတွေ့မခံ။ ရဲတွေက ပုံမှန်စုံစမ်းမှု အနည်းငယ်လုပ်ပေမယ့် ဘာမှမထူး။ ထို့နောက်မှာတော့ သူမကို အလွတ်စုံထောက်တစ်ယောက် ငှားဖို့ အကြံပေးကြသည်။ ယောက္ခမဖြစ်သူ၏ ငွေကြေးအထောက်အပံ့နှင့် သူမမှာ ကွင်းဟု ခေါ်သည့် အလွတ်စုံထောက် တစ်ယောက်ကို ငှားခဲ့သည်။ ကွင်းလည်း ဤအမှုကို ငါးပတ်၊ ခြောက်ပတ် လောက် ဖွဲ့နှပဲ ကြိုးကြိုး လိုက်သည်။ သို့သော်လည်း အဆုံးမှာတော့ သူလည်း လက်လျှော့သွားခဲ့တော့သည်။ သူ့မှာ သူတို့ ပိုက်ဆံလည်း ဆက်ပြီး မယူချင်တော့။

သူက ဆိုဖီကို ဖန်ရှော တစ်ယောက် ဒီတိုင်းပြည်ထဲမှာပဲ ရှိနေဖို့များ သည်ဟု ဆိုသည်။ သို့သော်လည်း သေသလား၊ ရှင်သလားတော့ သူလည်း မပြောနိုင်။ ကွင်းက ဆရာယောင်ယောင်မျိုးမဟုတ်။ ဆိုဖီမှာ သူ့ကို စာနာစိတ် ဝင်မိသည်။ သူက အမှန်တကယ်ကို အကူအညီပေးချင်သူ။ အဲဒီ နောက်ဆုံး နေ့က သူ ရောက်လာတော့ သူမ သိလိုက်သည်။ သူ့ အဆုံးအဖြတ်ကို ပြန်ပြင်ခိုင်းဖို့ မဖြစ်နိုင်။ လုပ်စရာ ဘာမှမရှိတော့။ အကယ်၍ ဖန်ရှောသာ သူမကို ထားခဲ့ဖို့ ဆုံးဖြတ်ခဲ့လျှင် အသိမပေးဘဲ ခိုးထွက်သွားမှာ မဟုတ်။ စိတ်မသက်သာစရာ ပဋိပက္ခတွေ၊ အခြေအနေမှန်ကနေ ပုန်းရှောင်နေမည့်သူ မဟုတ်။ ထို့ကြောင့် သူ၏ ပျောက်ဆုံးမှုက တစ်ခုပဲ စဉ်းစားဖို့ ရှိတော့သည်။ သူ့မှာ ဆိုးဆိုးရွားရွား အန္တရာယ်တစ်ခုခုများ ကျရောက်ခဲ့သလား။

ဆိုဖီကတော့ တစ်ခုခု ထူးလာလိမ့်မည်ဟု မျှော်လင့်နေတုန်းပင်။ သူမက အတိတ်မေ့ရောဂါသမားတွေ အကြောင်း ဖတ်ဖူးသည်။ သူမကတော့ ဒါကြောင့်ပဲ ဖြစ်မည်ဟု ယာယီ ယူဆထားခဲ့သည်။ ဖန်ရှော တစ်ယောက် သူ့ဘဝ သူမေ့ပြီး တစ်နေရာရာမှာ လျှောက်သွားနေလိမ့်မည်။ သူ့မှာ ဘဝဆုံးနေပေမယ့် အသက်တော့ ရှိနေသေးသည်။ တစ်ချိန်မဟုတ် တစ်ချိန် သတိပြန်လည် လာနိုင်သေးသည်။ တစ်ပတ်ပြီး တစ်ပတ် ကုန်လာခဲ့သည်။ သူမ ကိုယ်ဝန်လည်း မွေးဖို့ အချိန် ရောက်လာသည်။ ကလေးက တစ်လအတွင်း မွေးလိမ့်မည်။ ဆိုလိုသည်က သည်အတွင်းလည်း အချိန်မရွေး မွေးသွားနိုင်သည်။ တဖြည်းဖြည်း

mgyoe.com

နဲ့ ဗိုက်ထဲက ကလေးက သူမ အတွေးတွေကို စိုးမိုးလာခဲ့သည်။ သူမအထဲမှာ ဖန်ရှောအတွက် နေရာ မရှိတော့။ ဒီစကားလုံးတွေက သူမ၏ ခံစားမှုကို ဖော်ပြနေသည်။ သူမအထဲမှာ ဖန်ရှောအတွက် နေရာ မရှိတော့တဲ့။ အဲဒီကနေ သူမ ဆက်ပြောတာက တခြားဟာတွေထက် သူမစိတ်ထဲမှာ ဖန်ရှောကို စိတ်ဆိုးမိသည်။ ဒါ သူ့အမှားကြောင့် မဟုတ်မှန်း သိနေပေမယ့်လည်း သူမကို ထားခဲ့သည့် အတွက်တော့ စိတ်ဆိုးမိသည်။ ဖြောင့်ဝန်ခံရလျှင် ဒီစကားက ကျွန်တော့်ကို ထိခတ်စေခဲ့သည်။ ကျွန်တော့်မှာ လူတစ်ယောက်က သူ့ ပုဂ္ဂိုလ်ရေး ခံစားမှုကို အခုလို ပြောပြဖူးတာမျိုး နားမထောင်ဘူး။ ထုံးတမ်းစဉ်လာ သနားတာမျိုးတွေ မရှိဘဲ အားမနာတမ်း ပြောတာမျိုး မရှိခဲ့ဘူး။ အခု ဒီအကြောင်း ချရေးနေရင်းနဲ့ ကျွန်တော့်မှာ ပထမဆုံးနေ့မှာတင် ကမ္ဘာမြေကြီးရဲ့ တွင်းနက်ကြီး တစ်ခုထဲ ကျဆင်းသွားသလို ခံစားမိသည်။ တစ်ခါမျှ မရောက်ဖူးသည့် နေရာတစ်ခုထဲ ကျွန်တော် ကျဆင်းလို့ နေခဲ့သည်။

ဆိုဖီက ဆက်ပြောသည်။ တစ်ညမှာ ကျွန်မ ကောင်းကောင်း အိပ်လို့ မရဘူး။ နောက်တစ်နေ့ မနက် နိုးလာတော့ ကျွန်မ သိလိုက်တယ်။ ဖန်ရှောဟာ ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်။ အဲဒါဟာ ရုတ်ခြည်း ပေါ်လာတဲ့ ပကတိ အမှန်တရားပဲ၊ မေးခွန်းထုတ်ဖို့ကို မလို။ သူမလည်း အဲဒီအချိန်က ငိုခဲ့သည်။ တစ်ပတ်လောက် ဆက်ပြီး ငိုနေခဲ့သည်။ ဖန်ရှော တစ်ယောက် သေဆုံးသွားသည့်အတွက် ပူဆွေးငိုကြွေးနေသလိုပင်။ သို့သော် သူမ မျက်ရည်များ စဲသွားသည့်အခါတော့ ကိုယ့်ကိုယ်ကိုယ် နောင်တရတာမျိုး မရှိတော့။ ဖန်ရှော တစ်ယောက် သူမနှင့် နှစ်အတော်ကြာ နေပေးသွားခဲ့သည်။ ဒါလောက်ပါပဲ။ အခုတော့ ကလေးအတွက် စဉ်းစားဖို့ လိုလာသည်။ တခြား ဘာကိစ္စမှ အရေးမကြီးတော့။ သူမ သိသည်။ သူမ လေသံက အတော်လေး ကြီးကျယ်နေသလိုပင်။ သို့သော် တကယ်လည်း သူမအနေနှင့် ဒီခံယူချက်နှင့်ပဲ နေထိုင်ခဲ့သည်။ ဆက်ပြီး ရှင်သန်နိုင်ခဲ့သည်။

ကျွန်တော်က သူမကို မေးခွန်းတွေ တစ်ခုပြီး တစ်ခု မေးသည်။ သူမက တစ်ခုချင်း အေးအေးသက်သာ ဖြေသည်။ စဉ်းစဉ်းစားစား ဖြေသည်။ သူမ၏ ခံစားမှုများ မစွက်အောင် ကြိုးစားနေသည့်အလား။ ဥပမာ၊ သူတို့ ဘယ်လို နေထိုင်ခဲ့ကြသလဲ။ ဖန်ရှော ဘာအလုပ် လုပ်သလဲ။ ကျွန်တော် သူနဲ့နောက်ဆုံး တွေ့ပြီးတဲ့နောက် သူ ဘာတွေ ကြုံခဲ့ရသလဲ စသည်ဖြင့်။

mgype.com

mgyoe.com

SAMPLE BOOK


ကလေးက ဆိုဖာပေါ်မှာ ဂျီ စပြီး ကျသည်။ သူမက စကားပြော မပြတ်။ ဘလောက်စ်အက်ရှ်ကို ဟပြီး နို့တိုက်သည်။ ဒီဘက်နို့ပြီး ဟိုဘက်နို့။

သူမနဲ့ စမတွေ့ခင်က အကြောင်းတွေတော့ သိပ်မသေချာလှဟု သူမက ဆိုသည်။ သူမ သိသလောက်က သူ ကောလိပ်နှစ်နှစ် တက်ပြီး ကျောင်းထွက်လိုက်သည်။ စစ်မှုထမ်းခြင်းကို ရှေ့ဆိုင်းပြီး သင်္ဘောတက်သည်။ ရေနံတင်သင်္ဘော၊ ဒါမှမဟုတ် ကုန်စည်သင်္ဘော ဖြစ်လိမ့်မယ် ထင်တယ်ဟု သူမက ပြောသည်။ ဒီနောက် သူ ပြင်သစ်မှာ နှစ်အတန်ကြာ နေခဲ့သေးသည်။ ပထမတော့ ပဲရစ်၊ နောက်တော့ တောင်ပိုင်းမှာ လယ်တဲစောင့် လုပ်သည်။ သို့ပေမဲ့လည်း ဒါတွေက သူမအတွက် အတော့်ကို မှိန်ဝါးလှသည်။ ဖန်ရှောက အတိတ်အကြောင်း သိပ်ပြောလေ့ရှိသူ မဟုတ်။ သူတို့ ဆုံကြသည့်အခါ သူ အမေရိကား ပြန်မရောက်တာ ရှစ်လကျော်၊ ဆယ်လလောက် ရှိခဲ့ပြီ။ စကားပမာ သူတို့နှစ်ယောက် တိုးတိုက်မိကြသည်။ စိုစွတ်သည့် စနေနေ့ နေ့လယ်ခင်း တစ်ခု။ မန်ဟက်တန်ရှိ စာအုပ်ဆိုင်အဝတွင် သူတို့နှစ်ယောက်သား ရပ်နေ ခဲ့ကြသည်။ ပြတင်းပေါက်ကနေ မိုးများ စဲပြီလား တကြည့်ကြည့်နဲ့။

ဇာတ်လမ်းက အဲဒီကနေ စသည်။ အဲဒီနေ့ကတည်းက ဖန်ရှော ပျောက်သွားသည့်နေ့အထိ သူတို့မှာ တစ်ချိန်လုံးနီးပါး အတူရှိနေခဲ့ကြသည်။ ဖန်ရှောမှာ ဘယ်တုန်းကမှ ပုံမှန်အလုပ်မျိုး မရှိခဲ့ဘူး။ ဒါမျိုးကို တကယ့် အလုပ်လို့ မခေါ်နိုင်ပါဘူးဟု သူမက ဆိုသည်။ သူ့အတွက် ပိုက်ဆံက သိပ်အရေး မပါလှ။ ဒီအတွက် သိပ်လည်း မစဉ်းစား။ သူ့မှာ ဆိုဖီနဲ့ မတွေ့ခင် နှစ်ပိုင်းတွေမှာ အလုပ်မျိုးစုံ လုပ်ခဲ့သည်။ ကုန်ကူးသင်္ဘောတွင် လုပ်ခဲ့သည်။ ဂိုဒေါင် တစ်ခုတွင်လည်း လုပ်ခဲ့သည်။ နည်းပြ လုပ်ခဲ့သည်။ ရှုဒိုး စာရေးဆရာ လည်း လုပ်ခဲ့သည်။ စားပွဲထိုး လုပ်ခဲ့သည်။ ဆေးသုတ်ဌာနမှာ လုပ်ခဲ့သည်။ ပရိဘောဂများကို ရွှေ့ပြောင်းပို့ဆောင်သည့် အလုပ်လည်း လုပ်ခဲ့သည်။ သို့သော်လည်း ဘယ်အလုပ်ပဲဖြစ်ဖြစ် ခဏပဲ လုပ်သည်။ သူ့မှာ လအနည်းငယ် လုပ်ပြီး ပိုက်ဆံအလုံအလောက် ရသည်နှင့် အလုပ်ထွက်လိုက်တော့သည်။ သူနှင့် ဆိုဖီ အတူနေကြတော့ ဖန်ရှော က လုံးဝ အလုပ်မလုပ်တော့။ သူမက ပုဂ္ဂလိက ကျောင်းတစ်ကျောင်းမှာ ဂီတသင်ကြားသည့် အလုပ်လုပ်သည်။

mgyoe.com

သူမ လစာက နှစ်ယောက်လုံးအတွက် လုံလောက်သည်။ သူတို့မှာ သတိထားပြီး သုံးစွဲရပေမယ့် စားပွဲပေါ်မှာ အစားအသောက်က ဘယ်တော့မှ မပြတ်။ နှစ်ယောက်လုံးက ဘယ်တော့မှ ညည်းညည်းညူညူ မလုပ်ကြ။

ကျွန်တော်လည်း ကြားမဖြတ်။ ဒီစာရင်းက အစပဲ ရှိသေးသည်။ အသေးစိတ်တွေ ရှင်းထုတ်လိုက်လျှင် ပုံပေါ်လာလိမ့်မည်။ ဖန်ရှော တစ်ယောက် သူ့ဘဝ တစ်လျှောက်လုံး ဘာပဲလုပ်ခဲ့ လုပ်ခဲ့၊ ဒီ ဘောက်အလုပ်တွေနဲ့ ဘယ်လိုမှ မပတ်သက်။ ဒါကို ကျွန်တော် ချက်ချင်း သိလိုက်သည်။ သူမ မပြောခင်ကတည်းက ကြိုပြီး သဘောပေါက်လိုက်သည်။ ကျွန်တော်တို့ သူများအကြောင်း ပြောနေကြတာမှ မဟုတ်တာ။ ဖန်ရှော အကြောင်းပဲ ဥစ္စာ။ အချိန်တွေက အတော်ကြာခဲ့ပြီ ဖြစ်သည့်အတွက် သူ့အကြောင်း အတော် စဉ်းစားယူရသည်။

ကျွန်တော်က သူမ ပြောမှာ ကြိုပြီး သိနေသည့်အတွက် ပြုံးသည်။ ကျွန်တော် ထင်သည်။ သူမလည်း ကျွန်တော် သိလိမ့်မည်ဟု မျှော်လင့်ထားပြီး ဖြစ်မည်။ သေချာအောင်သာ အတည်ပြုနေခြင်းသာ။ ကျွန်တော်က ပြောစရာ မလိုဘဲ သိနေခဲ့သည်။ ဒါကြောင့်ပဲ သူမက ကျွန်တော့်ကို အခုလို ဖွင့်ဟခြင်း ဖြစ်ပေမည်။

"ဒါနဲ့ပဲ သူ စာတွေ ဆက်ရေးပြီး စာရေးဆရာတစ်ယောက် ဖြစ်လာ တယ် ဆိုပါတော့"

ဟု ကျွန်တော်က ပြောလိုက်သည်။

ဆိုဖီက ခေါင်းညိတ်ပြသည်။ အဲဒီအတိုင်း အတိအကျလည်း ဖြစ်ချင် ဖြစ်မည်။ တစ်စိတ်တစ်ပိုင်းပဲ ဖြစ်ချင်လည်း ဖြစ်မည်။

ကျွန်တော် စဉ်းစားမရတာက ဘာကြောင့် သူ့နာမည်ကို ကျွန်တော် တစ်ခါမျှ မကြားမိရသနည်း။ အကယ်၍ ဖန်ရှောသာ စာရေးဆရာတစ်ယောက် ဖြစ်ခဲ့လျှင် ကျွန်တော် သူ့နာမည်ကို တစ်နေရာရာမှာ တွေ့ဖူးရမည်။ ဒါတွေ သိဖို့က ကျွန်တော့်အလုပ် မဟုတ်လား။ ဖန်ရှောမှ မဟုတ်။ ဘယ်သူမဆို ကျွန်တော် သတိမထားမိဘဲ လွတ်သွားတာမျိုး မရှိနိုင်။ ဒါမှမဟုတ် သူ့စာအုပ် တွေကို ထုတ်ဝေမည့်သူပဲ ရှာမတွေ့တာလား မသိ။ စဉ်းစားလို့ ရသလောက် တော့ ဒီလိုပဲ မေးစရာ ရှိသည်။

mgyoe.com

 mgoe.com SAMPLE BOOK 

"မဟုတ်ဘူး၊ အဲဒီထက်ကို ပိုပြီး ရှုပ်ထွေးတယ်"

ဆိုဖီက ပြောသည်။ သူက ဘယ်တုန်းကမှ သူ့စာတွေကို ပုံနှိပ်ထုတ်ဝေဖို့ မကြိုးစားခဲ့ဘူး။ အရင် ခပ်ငယ်ငယ်တုန်းကတော့ သူက ထုတ်ဝေသူတစ်ယောက်ယောက်ဆီ ပို့ရမှာ အရမ်း တွန့်ဆုတ် ရှက်ကြောက် နေတတ်တယ်။ သူ့လက်ရာက စံမမီမှာ စိုးတယ်။ ဒါပေမဲ့ နောက်ပိုင်းကျတော့ သူ့ကိုယ်သူယုံကြည်မှု ရှိလာပေမယ့် သူ ဒီလိုပဲ လူမသိသူမသိ ရေးချင်တော့တယ်။ ထုတ်ဝေသူရှာရတာ သူ့အတွက် အနှောင့်အယှက် ဖြစ်စေလိမ့်မယ်လို့ သူက သူမကို ပြောဖူးသည်။ တကယ်တမ်း ထုတ်ဝေဖို့ အချိန်ကျလာတော့လည်း သူ့မှာ စာရေးတဲ့ဆီမှာပဲ ပိုပြီး နှစ်ထားလိုက်ပြန်တော့သည်။ ဆိုဖီ့မှာ ဒီလို ထူးမခြားနား အခြေအနေကို စိတ်ပျက် ဝမ်းနည်းမိသည်။ သို့ပေမဲ့ သူမက အတင်းတွန်းပြန်တော့လည်း သူက ပခုံးတွန့်ပြီး ပြန်ဖြေတတ်သည်။ ဘာမှလောဖို့ မလိုပါဘူး။ အနှေးနဲ့အမြန် သူ့ကို လူတွေ သိလာကြလိမ့်မည် တဲ့။

တစ်ခါနှစ်ခါတော့ သူမ တာဝန်ခံပြီး သူ့လက်ရေးမူတွေကို ခိုးကာ ထုတ်ဝေသူ တစ်ယောက်ယောက်ဆီ ပြကြည့်ဖို့ ကြံစည်ဖူးသည်။ သို့သော် တစ်ခါမှတော့ အကောင်အထည် မဖော်ဖြစ်။ အိမ်ထောင်ရေး စည်းမျဉ်းတွေက မဖောက်ဖျက်ကောင်း။ သူ့စိတ်ဓာတ်က ဘယ်လိုပဲ လွဲချော်နေပါစေ၊ သူမမှာ သူ့နောက်လိုက်ရုံကလွဲ၍ ရွေးချယ်စရာ သိပ်မရှိ။ ရေးထားတာတွေကတော့ အများကြီးပဲဟု သူမက ဆိုသည်။ အဲဒါတွေ အကုန်လုံးကို ဗီရိုထဲထည့်သိမ်းထားတာကတော့ သူမမှာ မခံစားနိုင်။ သို့ပေမဲ့ သူမက ဖန်ရှောကိုသစ္စာ ရှိသည်။ အတတ်နိုင်ဆုံး ဘာမှ မပြောမိအောင် နေသည်။

သူ မပျောက်သွားခင် သုံးလေးလ အလို၊ တစ်ရက်မှာ ဖန်ရှောကသူမနှင့် ညှိနှိုင်းချင်သည့် အမှုအရာ ပြလာသည်။ သူက သူမကို ဒီစာမူတွေကို တစ်ခုခုတော့ လုပ်မည်ဟု ကတိပေးသည်။ သူ အမှန်တကယ် ပြောနေကြောင်း သက်သေပြသည့် အနေနှင့် အကယ်၍ အကြောင်းတစ်ခုခုကြောင့်သူ အကောင်အထည် မဖော်နိုင်ခဲ့လျှင် သူ့စာမူများ အားလုံးကို ကျွန်တော့်ဆီယူသွားပြီး ကျွန်တော့်လက် အပ်လိုက်ဖို့ ပြောသည်။ ကျွန်တော်က သူ့စာပေလက်ရာများကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဟု ဆိုသည်။ ဒါတွေကိုဘယ်လိုလုပ်သင့်သလဲ ကျွန်တော်ကပဲ ဆုံးဖြတ်ရမည်။ အကယ်၍များကျွန်တော်က ပုံနှိပ်ထုတ်ဝေသင့်သည်ဟု ထင်လျှင် သူ ကျွန်တော့် အဆုံးအဖြတ်

mgoe.com

အတိုင်း လိုက်နာမည်။ ဒ့ီအပြင် သူက ပြောသေးသည်။ ဒီကြားထဲ သူ တစ်ခုခု ဖြစ်သွားခဲ့လျှင် သူမအနေနဲ့ ကျွန်တော့်ဆီ စာမူတွေ ချက်ချင်း လာအပ်ပြီး ကျွန်တော့်ကို စီမံခန့်ခွဲခွင့် ပြုရမည်ဟု ဆိုသည်။ ကျွန်တော့်အနေနဲ့ သူ့စာမူခထဲက ၂၅ ရာနှုန်းကို ရမည်။ အကယ်၍ ကျွန်တော်က သူ့ အရေးအသားတွေကို ထုတ်ဝေဖို့ မထိုက်တန်ဟု ဆုံးဖြတ်လျှင် စာမူများကို ဆိုဖီ့ဆီ ပြန်ပေးအပ်ရမည်။ သူမက ဒီစာမူတွေကို တစ်မျက်နှာမကျန် ချက်ချင်း ဖျက်ဆီးရမည်ဟု ဆိုသည်။

ဒီ ကြေညာချက်က သူမကို ထိတ်လန့်စေသည်ဟု ဆိုဖီက ပြောသည်။ ပြီးတော့ ဖန်ရှောကိုလည်း ဒီအပေါ်မှာ အလေးအနက် ထားလွန်းသည့်အတွက် ရယ်ချင်လာမိသည်။ ဖြစ်နေတာတွေက သူ့ပုံမှန် စရိုက် မဟုတ်သည့်အတွက် သူမ ကိုယ်ဝန်ရလာတာနဲ့များ ပတ်သက်မလား စဉ်းစားမိသည်။ ဖခင်တစ်ယောက်ဘဝကို စိတ်ကူးပြီး တာဝန်ယူချင်တဲ့ စိတ်တွေများ ပေါ်လာတာလား မသိ။ သူ့ရဲ့စေတနာကို သိစေချင်လွန်းလို့များ ဒီကိစ္စကို ဒီလောက်တောင် အလွန်အကျွံ ပြောနေတာလား မသိ။ ဘယ်လိုအကြောင်း ကြောင့်ပဲဖြစ်ဖြစ် အခုလို သူ့စိတ်တွေ ပြောင်းလာသည့်အတွက် သူမမှာ ဝမ်းသာမိသည်။ သူမ ကိုယ်ဝန်ရင့်လာသည့်အခါ ဖန်ရှော အောင်မြင်နေပုံကို စိတ်ကူးတွေ ယဉ်နေမိသည်။ သူမအနေနဲ့ အလုပ်လုပ်စရာ မလို၊ ငွေရေး ကြေးရေး ပူစရာမလိုဘဲ ကလေးကို စောင့်ရှောက်နိုင်မည်။ အခုတော့ အားလုံး ကမောက်ကမ ဖြစ်ကုန်ခဲ့ပြီ။ ဖန်ရှော ပျောက်သွားပြီးနောက် ဝရန်းသုန်းကား အခြေအနေအောက်မှာ သူ၏ စာများကိုလည်း မေ့ထားခဲ့သည်။ နောက်ပိုင်း ပြန်ပြီး အနည်ထိုင်လာမှ သူ၏ ညွှန်ကြားချက်ကို အကောင်အထည် ဖော်ဖို့ သူမ ပေကတ်နေခဲ့သည်။ ဤကိစ္စက သူနှင့် ပြန်တွေ့ဖို့ ကိစ္စမှာ ဂြိုဟ်မွှေ နေမလား စိုးရိမ်တာလည်း ပါသည်။ သို့ပေမဲ့ နောက်ဆုံး သူမ အရှုံးပေး လိုက်သည်။ ဖန်ရှော၏ စကားကို လေးစားရမည် မဟုတ်လား။ ဒီအတွက် သူမ သူ့ထံ စာလှမ်းရေးခဲ့ခြင်း ဖြစ်သည်။ ဒီအတွက် ကျွန်တော် သူမနဲ့ အခုလို ထိုင်စကားပြောနေရခြင်း ဖြစ်သည်။

ကျွန်တော့်အနေနှင့် ဘယ်လိုတုံ့ပြန်ရမည် မသိ။ ဤအဆိုပြုချက်က ကျွန်တော့်ကို ရုတ်တရက် အငိုက်မိစေသည်။ တစ်မိနစ် နှစ်မိနစ်လောက်

mgyobe.com

mgyoe.com  SAMPLE BOOK 

ဒီအတိုင်းပဲ ထိုင်နေခဲ့ပြီး ဆွမ်းခံရင်း ငှက်သင့်အောင် လုပ်ခဲ့သည့် ရောမ အကြောင်းအရာကြီးများနှင့် နပန်းလုံးနေခဲ့သည်။ ကျွန်တော့်ဘက်က ပြောနိုင် သည်က ဖန်ရှောအနေနှင့် ဒီအလုပ်အတွက် ကျွန်တော့်ကို ရွေးချယ်ဖို့ ဘာ ခိုင်လုံသည့် အကြောင်းမှ မရှိ။ ကျွန်တော် သူ့ကို မတွေ့ဖြစ်တော့တာ ၁၀ နှစ် ကျော်ခဲ့ပြီ။ သူ အခုထိ ကျွန်တော် ဘယ်လို လူမျိုးလဲဆိုတာ သတိရနေ သေးတာကိုပဲ အံ့သြမိသည်။ ကျွန်တော့်မှာ ဒီလို တာဝန်ယူမှုမျိုးကို လုံးဝ မမျှော်လင့်ထားမိ။ အဖြစ်က လူတစ်ယောက်ကို သူ့ဘဝမှာ ထိုက်ထိုက်တန်တန် နေထိုင်ခဲ့ရဲ့လား ဆိုတာ အကဲဖြတ်ပေးရမှာ မဟုတ်လား။ ဖန်ရှောအနေနဲ့ ကျွန်တော်နှင့် မတွေ့ဖြစ်တော့ပေမယ့် ကျွန်တော့် အကြောင်းကို သူမကို မကြာခဏ ပြောပြလေ့ရှိကြောင်း၊ ကျွန်တော့် နာမည်ကို ပြောတိုင်းလည်း သူ့တစ်သက်မှာ ကြုံဖူးသမျှ အကောင်းဆုံး သူငယ်ချင်းအနေနဲ့ ဖော်ပြလေ့ ရှိကြောင်း ဆိုဖီက ကြိုးစား ရှင်းပြသည်။ သူက ကျွန်တော့် အရေးအသား တွေကို မပြတ် စိတ်ဝင်စားသည်။ ကျွန်တော့် ဆောင်းပါးပါသော မဂ္ဂဇင်း တိုင်း ဝယ်ဖတ်လေ့ ရှိသည်။ တစ်ခါတစ်ရံ တချို့အပိုဒ်များကိုပင် သူမကို ဖတ်ပြလေ့ရှိကြောင်း၊ သူက ကျွန်တော် ရေးသမျှ သဘောကျကြောင်း ဆိုဖီက ပြောသည်။ သူက ကျွန်တော့်အတွက် ဂုဏ်ယူ ဝင့်ကြွားတတ်ပြီး ကျွန်တော့်မှာ ကြီးကြီးကျယ်ကျယ် လုပ်နိုင်သည့် စွမ်းရည် ပါလာကြောင်း သူ ခံစားမိ သည်ဟု ဆိုသည်။

ဒီလို ချီးကျူး အမွှမ်းတင်မှုတွေက ကျွန်တော့်ကို အနေရခက်စေ သည်။ ဆိုဖီ၏အသံမှာ ပြင်းထန်လှသည့်အတွက် ဖန်ရှောက သူမမှတစ်ဆင့် ပြောနေသယောင်တောင် ထင်မိသည်။ ကျွန်တော့်မှာ ဝမ်းသာဂုဏ်ယူနေမိ သည် ဆိုတာ ဝန်ခံပါသည်။ ယခုလို အခြေအနေမျိုးတွင် ဒီလို ခံစားမိတာ သဘာဝပင်။ ခက်တာက ကျွန်တော့်အနေဖြင့် ဂုဏ်ယူဝင့်ကြွားမှုကို သိပ်မျှဝေ လေ့ မရှိတတ်သဖြင့် ကသိကအောက် ဖြစ်နေခဲ့သည်။ ကျွန်တော် ဆောင်းပါး ကောင်း တော်တော်များများ ရေးခဲ့ဖူးပါသည်။ သို့သော်လည်း အောင်ပွဲခံရ လောက်အောင်၊ ဂုဏ်ယူဝံ့ကြွားရလောက်အောင်တော့ မဟုတ်ဟု ထင်သည်။ သိသလောက်တော့ ကျွန်တော်ဟာ ဖြစ်ကတတ်ဆန်းရေးသူ မဟုတ်တာ တစ်မည်ပဲ ရှိသည်။ ကျွန်တော့်မှာ တစ်ချိန်က ကြီးကြီးကျယ်ကျယ် မျှော်လင့်ခဲ့ ဖူးသည်။ ကိုယ့်ကိုယ်ကိုယ် ဝတ္ထုရေးဆရာများ ဖြစ်လာမလား ထင်မိသည်။ mgyoe.com

SAMPLE BOOK


တစ်နေ့မှာ လူတွေ၏ စိတ်နှလုံးကို ဆွဲကျုံးသိမ်းယူပြီး သူကို့၏ ဘ၀တွေကို ပင် ပြောင်းလဲစေနိုင်သည့် အရေးအသားမျိုး ဖန်တီးနိုင်လိမ့်မည်ဟု ထင်ခဲ့မိသည်။ သို့ပေမဲ့ အချိန်တွေသာ ပြောင်းလာခဲ့သည်။ အဲဒီလိုမျိုး မဖြစ်နိုင်တော့မှန်း တစ်စတစ်စ သဘောပေါက်လာခဲ့တော့သည်။ ကျွန်တော့်အတွင်းထဲမှာ အဲဒီလို စာအုပ်မျိုး မရှိ။ တစ်ခါတော့ ကိုယ့်ကိုယ်ကိုယ် အဲဒီအိပ်မက်ကို စွန့်လွှတ်ဖို့ ပြောမိသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဆောင်းပါးတွေကတော့ အခက်အခဲမရှိ အဆက်မပြတ် ရေးနိုင်သည်။ ကြိုးစားရေးလျှင် ဖြစ်သည်။ တစ်ပုဒ်ကနေနောက်တစ်ပုဒ် မှန်မှန်လေး ရွေ့နေရုံသာ။ ဘယ်လိုပဲဖြစ်ဖြစ် အသက်မွေးနိုင်သည်။ ဘယ်လိုပဲ တန်ဖိုးထားထား၊ ကိုယ့်နာမည်ကို ပုံနှိပ်စာလုံးဖြင့် မှန်မှန်လေး မြင်နေရတာ ကျေနပ်သာယာမိသည်။ အခြေအနေက ပြောသလောက်တော့လည်း စိတ်ပျက်စရာ မဟုတ်သေးဟုလည်း နားလည်မိသည်။ ကျွန်တော်က သုံးဆယ်လောက်ပဲ ရှိသေးသည်။ အတိုင်းအတာ တစ်ခုအထိတော့ နာမည်ရနေခဲ့ပြီ။ ကျွန်တော်က ကဗျာနှင့် ၀တ္ထုသုံးသပ်ချက်တွေ စရေးသည်။ အခုတော့ ကျွန်တော် ဘာဖြစ်ဖြစ် ရေးနိုင်နေပြီ။ အသိအမှတ်ပြု ခံနေရပြီ ဖြစ်သည်။ ရုပ်ရှင်၊ ပြဇာတ်၊ စင်တင်တေးဂီတအကြောင်း ရေးမလား၊ ဒါမှမဟုတ် ပန်းချီပြပွဲအကြောင်း၊ စာအုပ်တွေအကြောင်းပဲ ရေးမလား၊ ဘော့စ်ဘောပွဲလိုမျိုးတောင် အလွတ်မပေး။ ကျွန်တော့်ကိုသာ ရေးပေးပါဟု ပြော။ ကျွန်တော်က ရေးပြီးသား။ ပရိသတ်က ကျွန်တော့်ကို ထွန်းသစ်စ လူငယ်စာရေးဆရာ၊ တက်သစ်စ ဝေဖန်ရေးဆရာဟု မြင်ကြသည်။ ကျွန်တော့်ကိုယ်ကျွန်တော်တော့ အိုမင်းပြီး ကုန်ခန်းနေသည့် သူတစ်ယောက်လို ခံစားမိသည်။ကျွန်တော်အခု ရေးပြီးသမျှမှာ ဘာမှ မဟုတ်သည့် စာများသာ။ ဖုန်တွေ ဒုတက်နေခြင်းသာ ဖြစ်ပြီး လေလေးနည်းနည်းလောက် တိုက်လိုက်သည်နှင့် လွင့်ပါသွားပေလိမ့်မည်။

ထို့ကြောင့် ဖန်ရှော၏ ချီးမွမ်းမှုက ကျွန်တော့် ခံစားမှုတွေကို ရောပြွမ်းစေခဲ့သည်။ တစ်ဖက်တွင် သူ့အမြင် မှားနေမှန်း ကျွန်တော် သိသည်။ အခြားတစ်ဖက်တွင်လည်း သူ့အမြင်ကို ယုံကြည်လိုက်ချင်မိသည်။ ကျွန်တော် တွေးမိသည်။ ငါ ကိုယ့်ကိုယ်ကိုယ် သိပ်များ ချိုးနှိမ်နေခဲ့သလား။ အဲဒီလို တွေးလိုက်မိတာနဲ့ ကျွန်တော့်မှာ အတွေးရေယဉ်ကြောထဲ ပျောက်ဆုံးလို့

mgyobe.com

mgyoe.com
SAMPLE BOOK


သွားခဲ့တော့သည်။ သို့ပေမဲ့ ကိုယ့်ကိုယ်ကိုယ် အဖတ်ဆယ်ဖို့ အရေး ဘယ်သူကများ လွှတ်ချမှာလဲ။ မျှော်လင့်ချက် ရေးရေးလေးကို ပုတ်ချရလောက်အောင် ဘယ်လိုလူမျိုးမို့လဲ။ အတွေးတွေက တဖျပ်ဖျပ်နဲ့။ တစ်နေ့မှာ ကျွန်တော်ဟာ မျက်စိရှေ့မှာပဲ ရှင်ပြန်ထမြောက်နိုင်လိမ့်မည်ဟု ထင်မိသည်။ ထို့အပြင် သူနှင့် ကျွန်တော့်အကြား အေးစက်တိတ်ဆိတ်နေသော နှစ်ကာလများကနေ ရုတ်တရက် ခင်မင်ရင်းနှီးမှုတွေ ပွင့်အန်ထွက်လာခဲ့သလိုမျိုး ကျွန်တော် ခံစားမိသည်။

ဒါက ဖြစ်ပျက်ခဲ့သမျှ အဝဝပါ။ ကျွန်တော့်မှာ မရှိတော့တဲ့ လူတစ်ယောက်ရဲ့ မြောက်ပင့်မှုဒဏ် မခံနိုင်လောက်အောင် ပျော့ညံ့စွာနဲ့ပဲ ကောင်းပါပြီဟု လက်ခံလိုက်မိတော့သည်။ ဒီစာတွေကို ဖတ်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော် တတ်နိုင်သလောက် ကူညီပါ့မယ်ဟု ပြောလိုက်သည်။ ထိုအခါမှ ဆိုဖီလည်း ပြုံးနိုင်သည်။ ဝမ်းသာမှုကြောင့်လား၊ စိတ်ပျက်မှုကြောင့်လား ဆိုတာတော့ ကျွန်တော် ဘယ်လိုမှ ပြောနိုင်မည် မဟုတ်။ သူမက ဆိုဖာက ထပြီး ကလေးကို ဘေးခန်းသို့ သယ်သွားသည်။ ဝက်သစ်ချသား ဗီရိုကြီးတစ်လုံးရှေ့ ရပ်ပြီး ပတ္တာကို ဖွင့်ကာ တံခါးကို ဟလိုက်သည်။ ''ဒီမှာ ရှင့်အတွက်ပဲ''သူမက ပြောသည်။ သေတ္တာတွေ၊ ကတ်ထူဖုံးတွေ၊ စာတွဲတွေ၊ ဖိုင်တွေ၊ မှတ်စုစာအုပ်တွေ အကုန်လုံးကို စာအုပ်စင်မှာ ထိုးသိပ်ထည့်ထားသည်။ ကျွန်တော် ထင်ထားတာထက်ကို များသည်။ ကျွန်တော်လည်း စိတ်မသက်မသာနှင့် ရယ်လိုက်ပြီး တိုးတိုးလေး ပြက်လုံးထုတ်မိတာကို မှတ်မိသေးသည်။ ထို့နောက် ဒီအခန်းထဲကနေ လက်ရေးမူများကို ဘယ်လိုအကောင်းဆုံး သယ်ထုတ်ရမလဲ ဆွေးနွေးကြသည်။ ဒီလိုနဲ့ ခရီးဆောင်လက်ဆွဲသေတ္တာကြီး နှစ်လုံးနှင့် သယ်ထုတ်ဖို့ ဆုံးဖြတ်လိုက်ကြသည်။ အချိန်တစ်နာရီလောက် ကြာသွားသည်။ နောက်ဆုံးတော့ ကျွန်တော်တို့ အကုန်လုံးပါအောင် ထည့်နိုင်ခဲ့သည်။ ဒါတွေအားလုံးကို ဖတ်ပြီး ဆန်းစစ်ဖို့ အချိန်တော့ယူရလိမ့်မယ်ဟု ကျွန်တော်က ပြောလိုက်သည်။ ဆိုဖီက ကျွန်တော့်ကို မစိုးရိမ်ပါနဲ့ဟု ပြောပြီး အခုလို ဝန်ထုပ်ဝန်ပိုး ဖြစ်စေသည့် အတွက်လည်း တောင်းပန်သည်။ ကျွန်တော်ကလည်း ကျွန်တော် နားလည်ပါကြောင်း၊ ဖန်ရှောဓ၏ တောင်းဆိုချက်ကို သူမအနေနဲ့ အကောင်အထည် ဖော်ပေးရမှာပဲ ဖြစ်ကြောင်း ပြောလိုက်သည်။ အဖြစ်က အရမ်း ဝတ္ထုဆန်လှပြီး ထိတ်လန့်စရာလည်း

mgyoe.com

mgyoe.com  SAMPLE BOOK 

ကောင်း၊ ရယ်စရာလည်း ကောင်းနေသည်။ မိန်းမချော ဆိုဖီကတော့ ကလေးကို ကြမ်းမှာ ညင်ညင်သာသာလေး ချပြီး ကျေးဇူးတင်ကြောင်း ပွေ့ဖက်ပြီး ပြော သည်။

ထို့နောက် ကျွန်တော့်ပါးကို နမ်းသည်။ အဲဒီ တဒင်္ဂမှာ သူမ ငိုတော့မှာ ပဲဟု ကျွန်တော် တွေးမိသည်။ သို့ပေမဲ့ သူမက မျက်ရည်မကျ။ ထို့နောက် ကျွန်တော်လည်း လက်ဆွဲသေတ္တာနှစ်လုံးကို လှေကားတလျှောက် တရွတ်တိုက် ဆွဲပြီး လမ်းမပေါ် ထွက်လာခဲ့သည်။ အိတ်နှစ်လုံး ပေါင်းလိုက်သည့်အခါ သူတို့ကလည်း လူတစ်ယောက်အလား အလေးသား။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း(၂)

အဖြစ်မှန်က ကျွန်တော် မျှော်လင့်ထားသလောက်တော့ မရိုးရှင်း။ ကျွန်တော် ဖန်ရှောကို ခင်ခဲ့တယ် ဆိုတာ၊ သူက ကျွန်တော့်ရဲ့ အရင်းနှီးဆုံး သူငယ်ချင်း ဆိုတာ၊ သူ့အပေါ်မှာ ကျွန်တော် တခြားသူတွေထက် နားလည်နိုင်တယ် ဆိုတာ၊ ဒါတွေအားလုံးက အမှန်တွေချည်း အချက်အလက်တွေချည်း၊ ဒါတွေကို တစ်စက်မှ ကျွန်တော် လျှော့ပြီး မပြောနိုင်။ ဒါပေမဲ့ ဒါက အစပဲ ရှိသေးသည်။ အရာရာတိုင်းကို သူ့အရှိအတိုင်း ပြန်လည် အမှတ်ရဖို့ ကြိုးစားသည့်အခါ ကျွန်တော်လည်း ဖန်ရှောနှင့် ပတ်သက်ပြီး ထိမ်ချန်ချုပ်တည်းထားတာတွေ ရှိမှန်း သိလာခဲ့သည်။

ကျွန်တော်၏ တစ်စိတ်တစ်ပိုင်းက သူ့ကို အမြဲတွန်းလှန်နေတာကို ကျွန်တော် နားလည်လာခဲ့သည်။ အထူးသဖြင့် နှစ်ယောက်သား ကြီးပြင်းလာခဲ့သည့်အခါ သူ့အနားမှာ ကျွန်တော် အမြဲတမ်း သက်သောင့်သက်သာ ရှိနေခဲ့လိမ့်မည်ဟုတော့ မထင်။ ကျွန်တော် ပြောချင်သည့် အကြောင်းအရာ အတွက် "မနာလိုမှု" ဆိုသည့် စကားလုံးက သိပ်ပြင်းထန်လွန်းသည်ဟု ဆိုလျှင် "သံသယ"ဆိုသည့် စကားလုံးကို ကျွန်တော် သုံးစွဲပါမည်။ ဖန်ရှောက ကျွန်တော့်ထက် တစ်နည်းနည်းနဲ့များ သာနေမလား။ လျှို့ဝှက်

mgyoe.com

ခံစားနေရသည့် သံသယစိတ်။ ဒါတွေ အားလုံး အဲဒီအချိန်ကတော့ ကျွန်တော် မသိခဲ့။ ဘာရယ်လို့လည်း ကွဲကွဲပြားပြား မပြောနိုင်ခဲ့။ သို့ပေမဲ့ သူ့မှာ တခြားသူတွေထက် ပိုပြီး အတွင်းသဘော ကောင်းမွန်လှတယ် ဆိုတာ၊ သူ့ရဲ့ မရောင့်ရဲနိုင်တဲ့ မီးက သူ့ကို ရှင်သန်နေစေတယ် ဆိုတာ၊ ကျွန်တော် မျှော်လင့်တာထက်ကို သူ့ဘာသာသူ စစ်မှန်နေတယ် ဆိုတာ စတဲ့ အတွေးတွေကတော့ တရစ်ဝဲဝဲ ရှိနေဆဲ။

အစောပိုင်းမှာတော့ သူ၏ လွှမ်းမိုးမှုက အတော့်ကို သိသာလှသည်။ သေးသေးမွှားမွှား ကိစ္စလေးများအထိပင် လွှမ်းမိုးနိုင်သည်။ အကယ်၍ ဖန်ရှောက သူ၏ ခါးပတ်ခေါင်းကို ဘောင်းဘီဘေးဘက်ထား ဝတ်လျှင် ကျွန်တော်လည်း ထိုအတိုင်း လိုက်ထားသည်။ အကယ်၍ ဖန်ရှောက အနက်ရောင် အားကစားဖိနပ်ဖြင့် ကစားကွင်းသွားလျှင် နောက်တစ်နေ့ အမေနှင့် ဖိနပ်ဆိုင်သွားလျှင် အနက်ရောင် အားကစားဖိနပ် ဝယ်ပေးဖို့ ပူဆာတော့မည်။ အကယ်၍ ဖန်ရှောက ရော်ဘင်ဆင်ကရူးဆိုး တစ်အုပ် ကျောင်းသို့ ယူလာလျှင် ကျွန်တော်လည်း ညနေ အိမ်ပြန်ရောက်သည်နှင့် ရော်ဘင်ဆင်ကရူးဆိုး ဖတ်တော့မည်။ တကယ်တော့ သူ့ကို ဒီလိုလိုက် အတုခိုးကြတာ ကျွန်တော် တစ်ယောက်တည်း မဟုတ်ပါ။ သို့သော်လည်း ကျွန်တော်က သူ့ရဲ့ လွှမ်းမိုးမှုအောက် တစ်ကိုယ်လုံး ပုံအပ်ထားသူ တစ်ယောက် ဖြစ်နေခဲ့သည်။ ဖန်ရှော ကိုယ်တိုင်က သူ့ရဲ့ ဒီစွမ်းအားကို သတိမထားမိ။ ဒီအတွက်ကြောင့်လည်း ဒီစွမ်းအားကို သူ ဆက်လက် ဆုပ်ကိုင်ထားခဲ့ခြင်း ဖြစ်မည်။ သူက သူ့အပေါ် လူအများ အာရုံစိုက်ကြတာကိုလည်း ဘာမှမဖြစ်သလို၊ သူ့အလုပ်သူ အေးအေးဆေးဆေး ဆက်လုပ်နေတတ်သည်။ သူ့ရဲ့ လွှမ်းမိုးနိုင်မှုကို သုံးပြီး သူများအပေါ် ကြိုးကိုင်တာမျိုး မလုပ်။ ကျွန်တော်တို့တွေလို နောက်ပြောင် ကျီစယ်တာမျိုးလည်း မရှိ။ သူက စိတ်အနှောင့်အယှက်ဖြစ်အောင် ဒုက္ခပေး ကျီစယ်တာမျိုးလည်း မရှိ။ ဆရာမတွေနဲ့လည်း ပြဿနာ မရှိ။ ဒါပေမဲ့လည်း ဒါကို အခွင့်ကောင်းယူပြီး ဘယ်သူမှလည်း သူ့ကို ပြဿနာ မရှာပါ။ ဖန်ရှောက ကျွန်တော်တို့တွေနဲ့ သီးခြားရှိနေခဲ့ပေမယ့် ကျွန်တော်တို့ကို စုစည်းပေးသည်။ ကျွန်တော်တို့ကြားမှာ အငြင်းပွားကြတိုင်း ကြားဝင်စေ့စပ်ပေးသည်။ အသေးအဖွဲ အငြင်းပွားမှုလေးတွေကို မျှမျှတတ ဖြေရှင်းပေးလေ့ ရှိသည်။ သူ့မှာ

mgyoe.com

mgyoe.com


ဆွဲဆောင်မှု တစ်ခုရှိတဲ့အတွက် ခင်ဗျားအနေနဲ့လည်း သူ့အနားမှာ နေချင်ပါလိမ့်မည်။ သူ့အနီးရပ်ဝန်းမှာ နေပြီး သူ့ရဲ့ အတွင်းစိတ်နဲ့ ထိတွေ့နိုင်သလို ထင်မိလိမ့်မည်။ သူဟာ ခင်ဗျားအတွက် ရှိနေသလိုပဲဟု ခံစားရမည်။ သို့သော်လည်း တစ်ချိန်တည်းမှာ သူ့ထဲကို ခင်ဗျား မရောက်နိုင်။ သူ့ရဲ့ အတွင်းထဲမှာ ဘယ်လိုမှ မထိုးဖောက်နိုင်တဲ့ လျှို့ဝှက် အူတိုင်တစ်ခု ရှိနေသလို ခံစားရလိမ့်မည်။ ဖုံးကွယ်မှုတွေရဲ့ လျှို့ဝှက် ဗဟိုချက်တစ်ခုပင်။ သူ့ကို တုပခြင်းသည် အဲဒီ လျှို့ဝှက်ဆန်းကြယ်မှုထဲမှာ ပါဝင်လိုက်ခြင်းပင်။ သို့သော် ခင်ဗျားအနေဖြင့် သူ့ကို ဘယ်တော့မှ နားလည်မှာ မဟုတ်ဘူး ဆိုတာကိုတော့ သဘောပေါက်ထားဖို့ လိုပါလိမ့်မည်။

ကျွန်တော် ပြောနေတာက ကျွန်တော်တို့ရဲ့ ခပ်ငယ်ငယ် ကလေးဘဝအကြောင်း၊ ထိုအချိန်က ငါးနှစ် ခြောက်နှစ် ခုနစ်နှစ်လောက်ပဲ ရှိပေဦးမည်။ အခုအချိန်မှာ အများစုကတော့ မြုပ်ကွယ်သွားခဲ့ပြီ ဖြစ်သည်။ အမှတ်ရနေတာတွေကလည်း အမှားတွေပဲဆိုတာ ကျွန်တော် သိပါသည်။ ဒါပေမဲ့လည်း အဲဒီအချိန်က ရောင်ဝါလက္ခဏာတွေ ကျွန်တော့်စိတ်ထဲမှာ ရှိနေဆဲလို့ ပြောတာတော့ မှားတယ်လို့ မထင်မိ။ အဲဒီအချိန်က ခံစားခဲ့ရတာတွေကို အတိုင်းအတာတစ်ခုအထိ ခံစားနိုင်ဆဲပင်။ ဒီခံစားမှုတွေကတော့ မလိမ်လောက်ဟု ထင်ပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးတော့ ဖန်ရှော ဖြစ်လာခဲ့သည်။ ကျွန်တော့်အမြင် သူဟာ အဲဒီအချိန်ကတည်းက ဇ ပြနေခဲ့ပြီး သူ့ကိုယ်သူ မြန်မြန်ဆန်ဆန်ပဲ ပုံဖော်နိုင်ခဲ့သည်။ ကျွန်တော်တို့တွေက ကျောင်းစတက်တဲ့အချိန် သူကတော့ သူ့အရှိတရားကို ပြတ်ပြတ်ထင်ထင် ပြနိုင်ခဲ့ပြီ ဖြစ်သည်။ ကျွန်တော်တို့တွေ ပုံသဏ္ဍာန်အတိအကျမရှိတဲ့ သတ္တဝါတွေ ဖြစ်နေဆဲမှာ၊ ဝရန်းသုန်းကား အသံတွေနဲ့ လုံးလားထွေးလား ဖြစ်နေဆဲမှာ၊ တဒင်္ဂကနေ နောက်တဒင်္ဂကို ယက်ကန်ယက်ကန် မမြင်မစမ်း သွားနေတဲ့ အချိန်မှာ သူကတော့ ကောင်းကောင်း ပုံပေါ်နေခဲ့ပြီ။ ထင်ထင်ရှားရှား ရှိနေခဲ့ပေပြီ။ သူ့ကို မြန်မြန်ဆန်ဆန် ကြီးပြင်းလာတယ်လို့ မဆိုလိုပါဘူး။ သူဟာ သူ့အသက်ထက် ပိုပြီး ကြီးရင့်နေတယ်လို့ မထင်ရပါဘူး။ ဒါပေမဲ့ သူဟာ အရွယ်မရောက်ခင်ကတည်းက သူ့ပုံစံနဲ့ သူ ရှိနေခဲ့ပါပြီ။ ဘယ်လိုကြောင့်ပဲဖြစ်ဖြစ်၊ သူဟာ ကျွန်တော်တို့ တခြားကလေးတွေလို ကသောင်းကနင်း

mgyoe.com

ပြောင်းဆန်မှုတွေ မကြုံရ။ သူ့ ဇာတ်လမ်းက အသွားတစ်မျိုး၊ ပိုပြီး အတွင်းကျိတ်နိုင်ကာ ပိုပြီး ကြမ်းတမ်းမယ် ဆိုတာ သံသယဖြစ်စရာ မလို။ သို့သော်လည်း သူများတကာတွေလို ဘဝမှာ ရုတ်ခြည်း ပြောင်းလဲမှုမျိုးတွေ ကြားဖြတ်ဝင်လာတာမျိုး မရှိ။

အဖြစ်အပျက်လေးတစ်ခုက ထူးထူးခြားခြား ကျွန်တော့်မျက်စိထဲမှာ ကွက်ကွက်ကွင်းကွင်း မြင်နေဆဲပင်။ ပထမတန်းနဲ့ ဒုတိယတန်းမှာ တက်နေသည့် ကျွန်တော်နဲ့ ဖန်ရှောကို မွေးနေ့ပွဲတစ်ခု တက်ရောက်ဖို့ ဖိတ်ကြားခံရသည်။ ကျွန်တော် တိတိကျကျ ပြောနိုင်လာတာလည်း ဒီကနေ စတယ်လို့ ပြောချင်သည်။ နွေဦးကာလ စနေနေ့ နေ့လယ်ခင်း တစ်ခု၊ ကျွန်တော်တို့လည်း ပါတီကို တခြားကောင်လေး တစ်ယောက်နဲ့ လမ်းလျှောက်သွားကြသည်။ သူ့ နာမည်က ဒင်းနစ် ဝေါဒင်။ ဒင်းနစ်ရဲ့ ဘဝက ကျွန်တော်တို့ နှစ်ယောက်လုံး ထက် ပိုကြမ်းပါသည်။ အမေက အရက်သမား၊ အဖေက အလုပ်မှ အလုပ်၊ မွေးချင်းမောင်နှမတွေက မရေတွက်နိုင်။ ကျွန်တော် သူ့အိမ်ကို နှစ်ကြိမ် သုံးကြိမ် ရောက်ဖူးသည်။ တကယ့်ကို မှောင်မည်း ပျက်စီးနေသည့် နေရာ။ ကျွန်တော့်မှာ သူ့အမေကို ကြောက်လိုက်ရတာ မှတ်မိနေသေးသည်။ ကျွန်တော့် စိတ်ထဲမှာ သူမကို ကျေးလက်ပုံပြင်တွေထဲက စုန်းမကြီးလို့ပဲ မှတ်ယူမိသည်။ သူမက တစ်နေကုန် အခန်းထဲမှာပဲ တံခါးပိတ်နေသည်။ အမြဲတမ်း ရေချိုးခန်း ဝတ်ရုံနှင့်၊ သူမ၏ ဖြူဖျော့နေသည့် မျက်နှာက အတွန့်အလိပ် တွေနှင့် အိပ်မက်ဆိုး တစ်ခုလို။ ခေါင်းကို ဟိုထိုးသည်ထိုးနှင့် တစ်ခါတစ်ရံ ကလေးများကို တစ်ခုခု အော်ဟစ်ဖို့ ပြင်နေတတ်သည်။ မွေးနေ့ပါတီပွဲ ကျင်းပသည့် နေ့က ဖန်ရှောနှင့် ကျွန်တော်လည်း မွေးနေ့ရှင် ကောင်လေး ကို ပေးဖို့ လက်ဆောင်ကို ရောင်စုံစက္ကူဖြင့် သေသေသပ်သပ် ထုပ်ပိုးကာ ဖဲကြိုးနှင့် စည်းလာခဲ့သည်။ ဒင်းနစ်မှာတော့ ဘာမှ မပါ။ အဲဒီအတွက် လည်း သူက စိတ်မကောင်း။ သူ့ကို အပိုစာသား စကားတစ်ခွန်း နှစ်ခွန်း ဖြင့် နှစ်သိမ့်ဖို့ ကြိုးစားခဲ့တာ မှတ်မိနေသေးသည်။ ကိစ္စမရှိပါဘူး။ ဘယ်သူမှလည်း ဂရုစိုက်မှာ မဟုတ်ပါဘူး။ ဒီလို ရှုပ်ယှက်ခတ်နေတဲ့အချိန် ဘယ်သူကမှလည်း သတိထားမိမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒင်းနစ်ကတော့ အလေးအနက် ထားခဲ့သည်။ ဒါကို ဖန်ရှောက ချက်ချင်း သတိထားမိသည်။

mgoe.com

mgyoe.com

SAMPLE BOOK


ဘာမှ ရှင်းပြမနေဘဲ ဒင်းနစ်ဘက် လှည့်ကာ သူ့လက်ဆောင်ကို ကမ်းလိုက်သည်။ ဒီမှာ ဒါကို ယူသွားလိုက်ဟု သူက ပြောလိုက်သည်။ ငါ့ လက်ဆောင် အိမ်မှာ ကျန်ခဲ့တယ်လို့ ပြောလိုက်မယ်။ ကျွန်တော် ပထမဆုံး တွေးမိလိုက်သည်မှာ ဒင်းနစ် တစ်ယောက် ဖန်ရှော၏ သနားမှုကို စော်ကားမှုဟု မြင်ကာ မကျေမချမ်း တုံ့ပြန်လိမ့်မည်ဟု ထင်ထားခဲ့သည်။ သို့သော် ကျွန်တော် မှားသွားသည်။ သူက တစ်ခဏ တွေဝေနေပြီးမှ ရုတ်ခြည်းပြောင်းလဲသွားသော ကံကြမ္မာကို လက်ခံဖို့ ကြိုးစားလိုက်သည်။ ထို့နောက် သူက ဖန်ရှော၏ ဉာဏ်ပညာကို အသိအမှတ်ပြုသည့်အလား ခေါင်းညိတ်ပြလိုက်သည်။ ဒီကိစ္စက ပေးကမ်းစွန့်ကြဲတာမျိုးထက် အကျိုးသင့် အကြောင်းသင့် သဘောဆန်နေသဖြင့် ဒင်းနစ်တစ်ယောက်လည်း သိက္ခာမကျဘဲ လက်ခံနိုင်ခဲ့သည်။ အခြေအနေကို ရုတ်ခြည်း ပြောင်းသွားအောင် လုပ်နိုင်ခဲ့သည်မှာ မှော်ဆန်လွန်းသည်။ ခိုင်မာသည့် ခံယူချက်နှင့် အတွေးမခေါင်မှုတို့ ပေါင်းစပ်ပြီး ထွက်ပေါ်လာသည့် အရာ။ ကျွန်တော့် အနေနှင့် ဖန်ရှော မဟုတ်ဘဲ အခြားတစ်ယောက်သာဆိုလျှင် ဒီလို လျှပ်တစ်ပြက် ဖြေရှင်းနိုင်ပါ့မလား သံသယဖြစ်မိသည်။

ပါတီမှအပြန် ဖန်ရှောနှင့်အတူ သူ့အိမ်သို့ လိုက်သွားခဲ့သည်။ သူ့အမေက မီးဖိုချောင်မှာ။ သူ့မက ကျွန်တော်တို့ကို ပါတီက စည်ရဲ့လား၊ သူ ဝယ်ပေးလိုက်သည့် လက်ဆောင်ပစ္စည်းကို မွေးနေ့ရှင်ကောင်လေး ကြိုက်ရဲ့လား စသည်ဖြင့် မေးသည်။ ဖန်ရှော မပြောခင်ဘဲ ကျွန်တော်က သူ့များကို ပေးပစ်ခဲ့သည့်အကြောင်း ဇာတ်လမ်းစုံခင်းပြသည်။ ကျွန်တော်က သူ့ကို ပြဿနာရှာဖို့ မဟုတ်ပါ။ သို့သော် မပြောဘဲ မနေနိုင်သောကြောင့် ပြောမိခြင်းသာ။ ဖန်ရှော၏ အပြုအမူက ကျွန်တော့်ကို လုံးလုံးခြားနားသည့် ကမ္ဘာသစ် တစ်ခုကို ဖွင့်ပေးလိုက်သလိုပင်။ တခြားတစ်ယောက်၏ ခံစားမှုကမ္ဘာထဲ လုံးဝဝင်ရောက် နစ်မြောကာ ကိုယ့်ခံစားချက်တွေပင် ဘာမှမဟုတ်တော့သည့်အလား။ ကျွန်တော့်အတွက် ကိုယ်ကျင့်တရားဆိုင်ရာ အပြုအမူတစ်ရပ်ကို ပထမဆုံး တွေ့လိုက်ရခြင်းပင်။ ဒီအတွက် တခြားအကြောင်းအရာတွေ ပြောဖို့ပင် မထိုက်တန်တော့။ သို့ပေမဲ့ ဖန်ရှော၏ အမေကတော့ သိပ်သဘောမတူချင်လှ။ သူ့မက ပြောသည်။ ဟုတ်သည်။ ဒါ ကြင်နာရက်ရောတဲ့

mgyoe.com

mgyoe.com SAMPLE BOOK


အပြုအမူ တစ်ခုဆိုတာ မှန်သည်။ သို့ပေမဲ့လည်း ဒီလိုလုပ်တာတော့ မှားသည်။ ဒီလက်ဆောင်က သူမပိုက်ဆံဖြင့် ဝယ်ထားခဲ့ခြင်း ဖြစ်သည်။ အခုလို သူများကို ပေးပစ်လိုက်သည့်အတွက် ဖန်ရှောအနေဖြင့် သူမ ပိုက်ဆံကို ခိုးသည့် သဘော သက်ရောက်သည်။ ဒီ့အပြင် ဖန်ရှောအနေဖြင့် လက်ဆောင်ကို မပေးခဲ့သည့် အတွက် ရိုင်းပျရာကျသည်။ သည့်အတွက် တစ်နည်းအားဖြင့် သူမကိုလည်း လာထိခိုက်သည်။ သူ့အပြုအမူအတွက် အမေဖြစ်သူမှာ တာဝန်ရှိသည် မဟုတ်လား။ သူမ ပြောပြီးသည်အထိ သူက တစ်ခွန်းမှ မပြော၊ သူမက နားလည်ရဲ့လားဟု မေးသည်။ ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါတယ်ဟု ဖြေသည်။ အမှန်က ဤမှာတင် ပြီးသွားနိုင်သည်။ သို့သော်လည်း ခဏ ကြာတော့ ဖန်ရှောက သူမှန်သည်ဟု ထင်ဆဲဖြစ်ကြောင်း ဆက်ပြောပြန်သည်။ သူ့အနေနှင့် သူမ ဘယ်လိုပဲ ခံစားရပါစေ၊ နောင်လည်း ဒီလိုပဲ ဆက်လုပ်မှာပဲ ဟုဆိုသည်။ ဒီနောက် မြင်ကွင်းက နည်းနည်း ပြောင်းလဲသွားသည်။ မစ္စဖန်ရှော က သူ၏ မနာခံ ရိုင်းပျမှုကို ဒေါသထွက်လာသည်။ သို့သော် ဖန်ရှောကလည်း သူ့လက်နက်ကို စွဲကိုင်ဆဲ၊ သူမ၏ တရစပ်ဆုံးမမှုအောက်မှာ သဘောထား ပြောင်းဖို့ကို အကျောက်အကန် ငြင်းဆန်နေခဲ့သည်။ ထို့နောက်မှာတော့ သူ့ကို သူ့အခန်းထဲဝင်ဖို့ ပြောပြီး ကျွန်တော့်ကိုလည်း ပြန်ဖို့ ပြောသည်။ ကျွန်တော့်မှာ သူ့အမေ၏ မမျှတမှုအတွက် တုန်လှုပ်ချောက်ချားမိသည်။ သည့်အတွက် သူ့ဘက်ကနေ ကာကွယ်၍ ပြောပေးသော်လည်း ဖန်ရှောက လက်ကာပြသည်။ နောက်ထပ် ကန့်ကွက်မနေတော့ဘဲ သူ့အပြစ်ကို ငြိမ်ငြိမ် ဆိမ်ဆိမ် လက်ခံကာ အခန်းထဲ ဝင်ရောက် ပျောက်ကွယ်သွားသည်။

ဒီအဖြစ်အပျက် တစ်ခုလုံးက ဖန်ရှော ဘယ်လိုလူမျိုးလဲ ဆိုတာ အထင်အရှား ပြနေခဲ့သည်။ အလိုအလျောက် ပေါ်လာသည့် စိတ်စေတနာ၊ သူ့ လုပ်ရပ်အပေါ် မယိမ်းမယိုင် ယုံကြည်မှုနှင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်ကို ရင်ဆိုင်နှုတ်ပိတ်ပေခံမှု။ သူ့အပြုအမူက ဘယ်လိုပဲ မှတ်သားစရာ ကောင်းကောင်း သူကတော့ အဲဒီအပေါ်မှာ သိပ်ပြီး အမှုမထားသလိုပင်။ တခြားအရာတွေ ထက် အဲဒီအရည်အသွေးက သူနှင့်အနီးကပ် တွဲနေသည့် ကျွန်တော့်ကို အလန့်တကြား ဖြစ်စေသည်။ ကျွန်တော်က ဖန်ရှောနှင့် နီးနီးကပ်ကပ် နေချင်သည်။ သူ့ကို အလွန်လေးစား အားကျမိသည်။ သူနှင့် အမြဲတွမ်း

mgyoe.com

mgyoe.com
SAMPLE BOOK


နှိုင်းယှဉ်နေမိသည်။ ထို့နောက်မှာတော့ ရုတ်တရက် ကျွန်တော် သဘော ပေါက်လာမိသည်။ သူဟာ ကျွန်တော်နှင့် သူစိမ်းတစ်ရုံဆံသာ။ သူ့အတွင်း ထဲမှာ သူ နေထိုင်သည့်ပုံက ကျွန်တော် နေပုံနှင့် ဘယ်လိုမှ မစပ်ဆက် မသက်ဆိုင်။ ကျွန်တော်က ဟိုဟာလိုချင်၊ သည်ဟာလိုချင်။ အလိုဆန္ဒတွေ များသည်။ ကျွန်တော့်မှာ အဲဒီ ထူးမခြားနားတွေ ရရှိဖို့ လတ်တလော လိုအင်တွေနဲ့ပဲ ပြည့်နှက်နေခဲ့သည်။ ကျွန်တော်က ကောင်းကောင်း လုပ်ပြ ချင်သည်။ အဆင့်ကောင်းကောင်း၊ ကျောင်းကောင်းကောင်းက လက်မှတ်တွေ၊ လူတွေ အကဲဖြတ်ကြမည့် ဘယ်လို ဆုတံဆိပ်မျိုးမဆို လိုချင်သည်။ ဖန်ရှော က အဲဒါတွေကို အဖက်မလုပ်။ သူ့ထောင့်မှာပဲ သူ တိတ်တိတ်လေး နေသည်။ ဂရုကို မစိုက်။ အကယ်၍ သူ ရလဒ်တွေ ကောင်းလျှင်လည်း သူ့ဘာသာ ကောင်းတာပဲ ဖြစ်မည်။ ရုန်းကန်တာ၊ အားထုတ်တာမျိုး မရှိ။ သည်အပေါ် မှာ ဖက်တွယ်နေတာမျိုးလည်း မရှိ။ သည်သဘောထားက ချောက်ချားစရာ ကောင်းသည်။ ဒီသဘောထားက ဖန်ရှောအတွက် ကောင်းပေမယ့် ကျွန်တော့် အတွက် မကောင်းဆိုတာကို နားလည်ဖို့ အချိန်အတော်ကြာခဲ့သည်။

ဒါပေမဲ့လည်း ကျွန်တော် ပုံကြီးမချဲ့ချင်ပါ။ ဖန်ရှောနှင့် ကျွန်တော့် မှာ ကွာခြားချက်တွေ ကိုယ်စီနှင့်ပေမယ့် ကျွန်တော် ကလေးဘဝကို ပြန် တွေးတိုင်း ကျွန်တော်တို့ကြားက ခင်မင်မှု အတိုင်းအဆကိုပဲ အမှတ်ရမိ သည်။ ကျွန်တော်တို့ အိမ်ချင်းက ကပ်လျက်၊ နောက်ဖေး ခြံစည်းရိုး မခတ် ထားသည့်အတွက် မြက်ခင်း၊ ကျောက်စရစ်ကွက်နှင့် မြေစာက ဆက်နေကာ တစ်အိမ်တည်းလို ဖြစ်နေကြသည်။ အမေချင်းကလည်း မိတ်ဆွေ၊ အဖေချင်း ကလည်း တင်းနစ်ရိုက်ဖက်။ ကျွန်တော်တို့ နှစ်ယောက်လုံးက ညီအစ်ကိုတွေ မရှိကြ။ ထို့ကြောင့် ကျွန်တော်တို့ကြားမှာ ဘယ်သူမှ မရှိ။ ကျွန်တော်တို့ မှာ တစ်ပတ်လောက်ပင် ခွဲမနေဘူး။ ကျွန်တော်တို့၏ ကလေးဘဝကို ခြံ နောက်ဘက်တွင်ပဲ အတူကုန်ဆုံးကြသည်။ မြက်များကို လေးဘက်လေးတံ စူးစမ်းကြသည်။ ပန်းများကို ဆုပ်ခြေကြသည်။ မတ်တတ်ရပ်တာရော လမ်းလျှောက်တာရော သူနှင့် ကျွန်တော်က တစ်နေ့တည်း။ (အဲဒီအတွက် ဓာတ်ပုံ မှတ်တမ်းများပင် ရှိသေးသည်)။ နောက်တော့ ခြံနောက်တွင် ဘောလုံးရော ဘော့စ်ဘောရော အတူတကွ သင်ယူကြသည်။ ကျွန်တော်တို့

mgyoe.com

m gyoe.com

SAMPLE BOOK

ခံတပ်တွေ ဆောက်ကြသည်။ ဂိမ်းတွေ ကစားကြသည်။ အိမ်နောက်ဘက် မြေကွက်တွင် ကျွန်တော်တို့ ကမ္ဘာကို ဖန်တီးကြသည်။ မြို့ထဲ အပျင်းပြေ လမ်းလျှောက်ကြသည်။ ဘိုင်စကယ်တွေနှင့် လျှောက်သွားကြသည်။ စကား တွေ မဆုံးတမ်း ပြောကြသည်။ အဲဒီအချိန်က ကျွန်တော့်မှာ ဖန်ရှောလောက် ဘယ်သူ့ကိုမှ ကောင်းကောင်းမသိနိုင်ဟု ထင်ခဲ့သည်။ ကျွန်တော့် အမေက ပြန်ပြောပြသည်။ ကျွန်တော်တို့နှစ်ယောက်မှာ အရမ်းတွယ်တာလွန်းပြီး ခြောက်နှစ်သားလောက်မှာ သူမကို ယောက်ျားချင်း လက်ထပ်လို့ ရသလား မေးဖူးသည် ဟုဆိုသည်။ ကျွန်တော်တို့မှာ ကြီးပြင်းလာတော့လည်း အတူ နေချင်ကြသည်။ အိမ်ထောင်သည်တွေကလွဲပြီး အဲဒီလို ဘယ်သူများ နေနိုင် မှာတဲ့လဲ။ ဖန်ရှောက နက္ခတ္တ ဗေဒပညာရှင် ဖြစ်ချင်သည်။ ကျွန်တော်က တိရစ္ဆာန်ဆရာဝန် ဖြစ်ချင်သည်။ ကျွန်တော်တို့ နှစ်ယောက်သား ကျေးလက် မှာ အိမ်ကြီးကြီးတစ်လုံးနှင့် နေဖို့ စဉ်းစားထားသည်။ ညဘက်ဆိုလျှင် ကြယ်တွေစုံပြီး ကျေးငှက်သာရကာတွေလည်း ပေါမှပေါသည့် နေရာမျိုး။

ပြန်စဉ်းစားကြည့်လျှင် ဖန်ရှောတစ်ယောက် စာရေးဆရာတစ်ယောက် ဖြစ်လာတာ သဘာဝကျသည်ဟု ထင်သည်။ သူ၏ အတွင်းထဲကို ပြင်းပြင်း ပြပြ စူးစိုက်နိုင်မှုက စာရေးဆရာ လုပ်ဖို့ တောင်းဆိုနေခဲ့သည် ထင်သည်။ သဒ္ဒါကျောင်းမှာပင် သူက ဇာတ်လမ်းလေးတွေ ရေးဖွဲ့နေတတ်သည်။ ဆယ်နှစ် ဆယ့်နှစ်နှစ်သား အရွယ်ကစပြီး သူ့မှာ စာရေးဆရာတစ်ယောက် ဖြစ်ဖို့ မစဉ်းစားသည့် အချိန်မှ ရှိရဲ့လား ကျွန်တော် သံသယဖြစ်မိသည်။ အစမှာတော့ ထုံးစံအတိုင်း သိပ်အဓိပ္ပာယ် မရှိလှသေးဘူးပေါ့။ ပိုး (Poe) နှင့် စတီဗင်ဆင် (Stevenson) က သူ အားကျသော စာရေးဆရာများပင်။ အဲဒီကနေ ထွက်ပေါ် လာသည်ကတော့ ကလေးကလား အဓိပ္ပာယ်မဲ့လှသည့် အရာတွေ။ *ကျွန်တော် တို့၏ လော့ စတီဗင်ဆင် အသက်တစ်ရာငါးဆယ့်တစ်နှစ် ပြည့်သည့်နှစ် တစ်ညမှာ ကြောက်မက်ဖွယ် နှင်းမုန်တိုင်းကို ဖြတ်သန်းလို့ ဘိုးဘေးဘီဘင် များ၏ အိမ်ရှိရာ ကျွန်တော် လမ်းလျှောက်နေခဲ့သည်။ ထိုအခိုက် နှင်းထဲမှာ တစ္ဆေလိုပုံမျိုးကို ကျွန်တော် ကြုံလိုက်ရသည့်အခါ....*စသည့် အရေးအသား မျိုး။ ချဲ့ကားလွန်းသည့် စာပိုဒ်များ၊ အလွန်အကျွံ လှည့်ထားသော ဇာတ်ကွက် များနှင့် ပြည့်နှက်လို့။

mgyoe.com

mgyoe.com

SAMPLE BOOK


ကျွန်တော် မှတ်မိသေးသည်။ ခြောက်တန်းတွင် စာမျက်နှာ ငါးဆယ်ခန့်ရှိ စုံထောက်ဝတ္ထု အတိုလေးတစ်ပုဒ် ရေးသည်။ ဆရာမက သူ့ကို တစ်နေ့ ၁၀ မိနစ်ခန့် အတန်းထဲမှာ ဖတ်ပြစေသည်။ ကျွန်တော်တို့ အားလုံး သူ့အတွက် ဂုဏ်ယူမိကြသည်။ သူ၏ ဇာတ်ဟန်ပါပါ ဖတ်ပြပုံ၊ ဇာတ်ကောင် တစ်ကောင်ချင်း နေရာကနေ သရုပ်ဆောင်ပုံတို့အတွက် အံ့အားသင့်မိကြသည်။ ယခုအချိန်မှာတော့ ဇာတ်လမ်းကို ကျွန်တော် မမှတ်မိတော့။ သို့သော်လည်း ဇာတ်လမ်းက အတိုင်းအဆမဲ့ ရှုပ်ထွေးလွန်းပြီး ရလဒ်က ရင်ချင်းဆက်နေသော အမြွာတွေလို တစ်ခုနှင့်တစ်ခု ယှက်နွယ်နေကြပါသည်။

သို့ပေမဲ့ ဖန်ရှောက စာသမားလေးသက်သက် မဟုတ်။ သူက ကစားပွဲများမှာလည်း ထူးချွန်လှသည်။ ကျွန်တော်တို့ ကြားထဲမှာ အလွန်ကျော်ကြားလှသဖြင့် သူ့ဘာသာသူပဲ ခပ်ခွာခွာနေခဲ့သည်။ အစောပိုင်းနှစ်များမှာတော့ သူ မလုပ်နိုင်တာ ဘာမှမရှိ။ တခြားသူတွေထက် အဘက်ဘက်က သာသည်ဟု အားလုံးက သူ့ကို မြင်ကြသည်။ သူဟာ အကောင်းဆုံး ဘော့စ်ဘောသမား၊ အတော်ဆုံး ကျောင်းသား၊ ကြည့်အကောင်းဆုံး ကျောင်းသားစသည်ဖြင့်။ အထက်ပါ ခေါင်းစဉ် တစ်ခုချင်းစီ အနေနဲ့တော့ သူ၏ အထူးအဆင့်အတန်းကို ကောင်းကောင်း မဖော်ပြနိုင်။ သို့သော် အားလုံးပေါင်းလိုက်သည့်အခါ သူမှာ ဟီးရိုးတစ်ယောက်ပမာ ဖြစ်လာသည်။ ဘုရားသခင်လက်ဖြင့် ထိကိုင်ထားသည့် ကလေးတစ်ယောက်ပမာ ဖြစ်လာသည်။ သူက ထူးရှယ်ဖြစ်နေပေမယ့်လည်း ကျွန်တော်တို့ထဲက တစ်ယောက်ပင် ဖြစ်နေသေးသည်။ ဖန်ရှောမှာ ဂျီးနီးယပ်စ်ကလေး မဟုတ်သလို၊ ပါရမီရှင်လေးလည်း မဟုတ်ပါ။ သူ့မှာ သူ့အရွယ် တခြားကလေးတွေနဲ့ ကွာခြားစေသည့် အံ့ဖွယ်မွေးရာပါလက်ဆောင် တစ်ခုမှ မရှိပါ။ သူက တကယ့် ပုံမှန်ကလေး တစ်ယောက်ပါပဲ။ သို့ပေမဲ့ ဒီထက် ပိုသည်က သူက သူ့ဘာသာ ပြေပြစ်ညီညွတ်နေသည်။ ကျွန်တော်တို့ တခြားကလေးတွေထက် တကယ့်စံပြ ပုံမှန်ကလေးတစ်ယောက် ဖြစ်နေတာပဲ ဖြစ်သည်။

အမှန်တကယ် ကျွန်တော် သိသလောက် ဖန်ရှောမှာ အကြောက်အရွံ့ကင်း ရဲတင်းလှသော လူတစ်ယောက်တော့ မဟုတ်။ ဘယ်လိုပဲဖြစ်စေ အန္တရာယ်ထဲသို့ ခုန်ဆင်း၊ ရန်သူ၏ စိတ်ထက်သန်မှုကို အံ့သြ တုန်လှုပ်ရတာ

mgyoe.com

m g y o e . c o m SAMPLE BOOK

မျိုးတော့ ကြုံဖူးသည်။ အပေါ်ယံတည်ငြိမ်မှု၏ နောက်ကွယ်တွင် အမှောင်ထု ကြီး တစ်ခု ရှိပုံရသည်။ သည်အမှောင်ထုထဲမှာ သူ့ကိုယ်သူ စမ်းသပ်ဖို့၊ စွန့်စားဖို့၊ အစွန်းအဖျားထိ သွားဖို့ စိတ်တွေ ကိန်းဝပ်နေပေလိမ့်မည်။ ချာတိတ်ဘဝက သူ့မှာ ဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ဝိုက် ဆော့ချင်သည်။ လှေကားတွေ၊ ငြမ်းတွေပေါ် တက်ချင်သည်။ စက်ယန္တရားများ၊ သံအိတ် များ၊ ရွံ့များပေါ်တွင် ထိုးထားသော ပျဉ်ချပ်တံတားပေါ်မှ ဟိုယိမ်းသည် ယိုင် သွားချင်သည်။ ဖန်ရှောက ဒီလို စတန့်မျိုး လုပ်နေချိန်တွင် ကျွန်တော်က အနောက်မှနေ၍ ရစ်သီရစ်သီ လုပ်ချင်သည်။ သူ့ကို ရပ်ဖို့ အသံတိတ် ပန်ကြားချင်သည်။ သို့ပေမဲ့ သွားကြရအောင်ကွာ စသည်ဖြင့် ဘာမှတော့ မပြော။ သူ ပြုတ်ကျသွားမှာပဲ စိုးရိမ်နေခဲ့သည်။ ကြာလာသည်နှင့် သည် စေ့ဆော်မှုက ပိုပြီး ပီပြင် ရှင်းလင်းလာခဲ့သည်။ ဖန်ရှောက ဘဝကို မြည်းစမ်း ခြင်း၏ အရေးကြီးပုံကို ကျွန်တော့်ကို တရားဟောလိမ့်မည်။ သူက ခက်ခဲတဲ့ အရာတွေကို လုပ်ရတာ၊ မသိတဲ့ အရာတစ်ခုကို ရှာဖွေရတာမျိုးတွေကို သဘောကျကြောင်း ပြောတတ်သည်။ ကြီးလာသည့်အခါ ဒီလိုစွန့်စားမှုမျိုး တွေ ပိုပိုပြီး လုပ်လာခဲ့သည်။ တစ်ခါက ကျွန်တော်တို့ ၁၅ နှစ်သား အရွယ်လောက် ဖြစ်မည်။သူက ကျွန်တော့်ကို စနေ၊ တနင်္ဂနွေ ပိတ်ရက်မှာ နယူးယောခ့် လိုက်ခဲ့ဖို့ ခေါ်သည်။ ငါတို့ လမ်းတွေပေါ် လျှောက်သွားကြမယ်။ Penn ဘူတာရုံဟောင်းက ခုံတန်းတွေမှာ အိပ်မယ်။ ခြေသလုံးအိမ်တိုင်တွေ နဲ့ စကားပြောမယ်။ အစာမစားဘဲ ငါတို့ ဘယ်လောက် နေနိုင်မလဲ ကြည့်ကြ တာပေါ့တဲ့။ တနင်္ဂနွေ မနက် ခုနစ်နာရီလောက်မှာ ဗဟိုယန်းခြံ မြက်ခင်းထဲ မူးပြီး အန်ကြတာ မှတ်မိသေးသည်။ ဖန်ရှော အတွက်တော့ ဒါမျိုးက မလုပ်မနေ လုပ်ရမည့် ကိစ္စ၊ သူ့ကိုယ်သူ သက်သေပြဖို့ နောက်ထပ် ခြေတစ်လှမ်း။ သို့သော် လည်း ကျွန်တော့် အဖို့တော့ ဒါဟာ ညစ်ပတ်ပြီး စိတ်မချမ်းမြေ့စရာ။ ကျွန်တော် မဟုတ်တဲ့ တခြားတစ်ယောက်ပမာ ပျက်စီးသွားခြင်းသာ။ ဒါပေမဲ့ လည်း စိတ်ရှုပ်ထွေးနေတဲ့ မျက်မြင်သက်သေ တစ်ယောက်လို ကျွန်တော်က သူနဲ့တွဲပါနေဆဲ။ လိုက်ပါ ဆောင်ရွက်ခြင်း မရှိပေမယ့်လည်း အတူတကွ စူးစမ်းရှာဖွေနေဆဲ။ တစ်ယောက်တည်း တိုက်ပွဲဆင်နေတဲ့ သူငယ်ချင်း ဖြစ်သူကို စောင့်ကြည့်နေတဲ့ မြည်းပေါ်က ဆယ်ကျော်သက် ဆန်ချို လိုမျိုး။

m g y o e . c o m

mgyoe.com SAMPLE BOOK

ကျွန်တော်တို့ ဒီလို စနေ၊ တနင်္ဂနွေနေ့တွေမှာ ခြေသလုံးအိမ်တိုင် လျှောက်သွားနေပြီးနောက် တစ်လ နှစ်လ အကြာ ဖန်ရှောက ကျွန်တော့်ကို နယူးယော့ခ်က ဖိမ်ခန်း တစ်ခုကို ခေါ်သွားခဲ့သည်။ (သူ့သူငယ်ချင်း တစ်ယောက်က စီစဉ်ပေးသည်) အဲဒီမှာပဲ ကျွန်တော်တို့၏ လူပျိုဘဝ ကုန်ဆုံးခဲ့သည်။ မြစ်အနီး Upper West Side က ကျောက်တုံးညိုဖြင့် ဆောက်ထားသော တိုက်ခန်းတွဲလေးကို သတိရမိသေးသည်။ မီးဖိုချောင်နှင့် မှောင်မှောင်မည်းမည်း အိပ်ခန်းလေးကို ပါးလျသည့် လိုက်ကာနှင့် ခြားထားသည်။ လူမည်း အမျိုးသမီးနှစ်ဦး။ တစ်ဦးက ဝဝ အသက်ကြီးကြီး။ နောက်တစ်ဦးက ငယ်ရွယ် ချောမောသည်။ ကျွန်တော်တို့နှစ်ယောက်လုံးက အသက်ကြီးကြီး အမျိုးသမီးကို မကြိုက်။ ဒီတော့ ဘယ်သူ အရင် ဝင်မလဲ ဆုံးဖြတ်ရတော့သည်။ မှတ်မိသလောက်ဆိုလျှင် ခန်းမထဲဝင်ပြီး ခေါင်းပန်းလှန်ကြသည်။ ဖန်ရှော နိုင်သွားသည်။ ဒီနောက် ကျွန်တော်က မီးဖိုခန်းထဲမှာ မိန်းမ ဝဝကြီးနှင့် ထိုင်နေခဲ့သည်။ သူမက ကျွန်တော့်ကို ချိုချိုဟု ခေါ်ပြီး အကယ်၍ ကျွန်တော် စိတ်များပြောင်းခဲ့လျှင် သူမကတော့ အဆင်သင့်ပဲဟု မကြာခဏ သတိပေးသည်။ ကျွန်တော့်မှာ ဘာလုပ်လို့ လုပ်ရမှန်း မသိနိုင်လောက်အောင် အရမ်း စိတ်လှုပ်ရှားနေပြီး ခေါင်းကိုသာ တွင်တွင်ခါနေမိသည်။ ကျွန်တော်လည်း ဒီလိုပဲ ဆက်ထိုင်နေခဲ့ပြီး ခန်းဆီးလိုက်ကာ နောက်က ဖန်ရှော၏ ပြင်းထန်မြန်ဆန်လှသည့် အသက်ရှူသံကိုပဲ နားထောင်နေမိသည်။ ကျွန်တော် တစ်ခုပဲ တွေးနေမိသည်။ ကျွန်တော်ဟာ ဖန်ရှော အခုရောက်နေတဲ့ နယ်ပယ်ထဲပဲ ဝင်ရောက်ရဦးမှာပါလား။ ဒီနောက် ကျွန်တော့်အလှည့်ရောက်လာသည်။

အဲဒီနေ့က ကောင်မလေး၏ နာမည်ကို ဘယ်သူဘယ်ဝါ ကျွန်တော် မသိတော့။ သူမသည် ကျွန်တော် အပြင်မှာ ပထမဆုံး ဝတ်လစ်စားလစ် တွေ့ဖူးသည့် အမျိုးသမီးပင်။ ထို့အပြင် သူမက ပေါ့ပေါ့ပါးပါးနှင့် ဖော်ရွေလှသဖြင့် ကျွန်တော့်မှာ လိုက်ကာနှင့် ကြမ်းပြင်ကြားမှ ဖန်ရှော၏ ရှူးဖိနပ်ကို မြင်ပြီး စိတ်အနှောင့်အယှက်သာ ဖြစ်မနေလျှင် အားလုံး ချောချောမွေ့မွေ့ ဖြစ်သွားခဲ့ပေမည်။ အလင်းရောင်အောက်မှာ သူ့ရှူးဖိနပ်က သူ့ခန္ဓာကိုယ်က ထွက်လာသည့် အရာတစ်ခုလို။ ကောင်မလေးက ချိုသာပြီး ကျွန်တော့်

mgyoe.com

ကို အတတ်နိုင်ဆုံး ကူညီသည်။ သို့ပေမဲ့ ကျွန်တော့်မှာ အတော်ကြီး အားစိုက်ရပြီး၊ ပြီးသာပြီးသွားသည်၊ ဘယ်လိုသာယာမှုမှ မရ။ အဲဒီက အပြန် ဖန်ရှောနှင့် ကျွန်တော် နေဝင်ဆည်းဆာအောက်မှာ လျှောက်လာခဲ့ကြသည်။ ကျွန်တော့်မှာ ဘာမှ ပြောစရာ မရှိလှ။ သို့သော် ဖန်ရှောကတော့ အတော်ကြီးကို ကျေနပ်နေပုံရသည်။ ဒီအတွေ့အကြုံက သူ၏ ဘဝကို မြည်းစမ်းသည့် သီအိုရီကို တစ်နည်းတစ်လမ်း ထောက်ခံနေပုံ ရသည်။ ဖန်ရှောမှာ ကျွန်တော် တွေ့ဖူးသမျှ အဆာလောင် အမွတ်သိပ်ဆုံး လူတစ်ယောက် ဖြစ်ကြောင်း ကျွန်တော် နားလည်လာခဲ့သည်။

ကျွန်တော်တို့ နှစ်ယောက်သား မြို့ဆင်ခြေဖုံးမှာပဲ အေးအေးဆေးဆေး ခိုလှုံနေခဲ့ကြသည်။ နယူးယော့ခ်မှ မိုင်နှစ်ဆယ်သာ ဝေးသော်လည်း ကျွန်တော်တို့အဖို့ တရုတ်ပြည်လောက်ကို မှတ်ယူနေမိသည်။ ကျွန်တော်တို့မှာ မြက်ခင်းပြင်တွေ၊ သစ်သားအိမ်တွေနဲ့ ကိုယ့်ကမ္ဘာ ကျဉ်းကျဉ်းလေးကိုပဲ အဟုတ်ထင်နေခဲ့ကြသည်။ အသက်ဆယ့်သုံးလေးနှစ် အရွယ်တွင် ဖန်ရှောမှာ ကိုယ့်ကိုယ်ကိုယ် အကျဉ်းချထားသလို ဖြစ်လာသည်။ ဝတ္တရား မပျက် လုပ်စရာရှိ လုပ်နေသော်လည်း သူ့ကိုယ်သူ ပတ်ဝန်းကျင်နှင့် အဆက်ဖြတ်လာသည်။ သူ့မှာ မချစ်သော်လည်း အောင့်ကာ နမ်းနေရသည့် ဘဝကို ရှောင်ဖယ်လာ သည်။ သူက သူ့ကိုယ်သူ အနေအထိုင်ခက်အောင် လုပ်တာ၊ ပေါ်ပေါ်ထင်ထင် ဆန့်ကျင်တာမျိုးတော့ မလုပ်။ ရှောင်ခွာလာတာ သက်သက်ပါပဲ။ ငယ်စဉ်ကတည်းက အများအာရုံစိုက်ခံလာရသည့်၊ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် အလယ်ဗဟိုချက်မှာ အမြဲရှိနေခဲ့သည့် ဖန်ရှောမှာ အထက်တန်းကျောင်း ရောက်လာသည့် အခါတွင်တော့ အများမြင်ကွင်းကနေ ပျောက်သလောက်နီးနီးကို ဖြစ်နေခဲ့ပေပြီ။ မထင်မရှား ဘဝကိုပဲ ခုံခုံမင်မင် ဖက်တွယ်လာသည့် သူ့မှာ စလိုက်မီးများကို ရှောင်ရှားလာခဲ့သည်။ (ဆယ့်ခြောက်နှစ်သားလောက်တွင် သူ လုပ်နေတာတွေကို တခြားသူများကို မပြတော့သော်လည်း) အဲဒီအချိန်ကတည်းက စာကို လေးလေးနက်နက် ရေးနေခဲ့ပြီမှန်း ကျွန်တော် သိသည်။ သို့သော်လည်း ကျွန်တော်ကတော့ ဒါကို စာရေးဆရာတစ်ယောက် ဖြစ်လာဖို့ အစပျိုးနေတဲ့ အကြောင်းတရား တစ်ခုဟု မယူဆ၊ အရှုံးထတဲ့ လက္ခဏာ တစ်ရပ်ဟုသာ သဘောထားခဲ့သည်။ ဥပမာ- ကျွန်တော်တို့ ဒုတိယနှစ်

mgboe.com

mgyoe.com
SAMPLE BOOK


ကျောင်းသားဘဝတွင် ဖန်ရှောမှာ ကျွန်တော်တို့ အတန်း၏ တစ်ဦးတည်းသော တက္ကသိုလ်ဘော့စ်ဘော လက်ရွေးစင် တစ်ယောက် ဖြစ်လာသည်။ သူက အပတ်စဉ် ကစားပွဲများစွာ အပျံစား ကစားနိုင်ခဲ့ပြီးမှ အကြောင်း ခိုင်ခိုင်လုံလုံ မရှိဘဲ အသင်းကနေ ထွက်လိုက်သည်။ နောက်တစ်နေ့မှာ ထိုနေ့က အဖြစ်အပျက်ကို သူ ပြန်ပြောပြတာ ကျွန်တော် မှတ်မိနေသေးသည်။ လေ့ကျင့်မှုအပြီး သူ၏ ဝတ်စုံကို လဲဝတ်ကာ နည်းပြရုံးခန်းဆီ လျှောက်သွားခဲ့သည်။ နည်းပြက ရေချိုးပြီးစ။ ဖန်ရှော ဝင်သွားတော့ သူ့စားပွဲမှာ လုံးလုံးလျားလျား ဗလာကျင်းလျက် ရပ်နေခဲ့သည်။ ပါးစပ်မှာ ဆေးပြင်းလိပ်ကို ခဲ၊ ခေါင်းမှာ ဘော့စ်ဘော ဦးထုပ်ကို ဝတ်လို့။ ဖန်ရှောက ကြောင်တောင်တောင်နိုင်လှသည့် မြင်ကွင်းကို အရသာခံပြီး ပုံဖော်နေခဲ့သည်။ အခန်း မီးရောင်အောက်မှာ နည်းပြ၏ ပုကွကွ ဂင်တိုတို ဝတုတ်တုတ် ခန္ဓာကိုယ်က အတိုင်းသား၊ ကြမ်းပြင်မှာ ရေစက်တွေက အိုင်လို့ စသည်ဖြင့် အသေးစိတ် တန်ဆာဆင် ဖွဲ့နွဲ့နေခဲ့သည်။ သို့ပေမဲ့ ဒါက ပုံဖော်ဖွဲ့နွဲ့မှု သက်သက်ပါပဲ။ ဖန်ရှော ဆီကနေ ဘာနဲ့မှ မဆိုင်တော့သည့် စကားလုံးသက်သက်တွေ တသွင်သွင် စီးဆင်းလာကြတာပဲ ဖြစ်သည်။ သူ အသင်းက ထွက်လိုက်တာကို ကျွန်တော် စိတ်ပျက်နေမိသည်။ သို့ပေမဲ့ သူက ဘာကြောင့် ထွက်လိုက်ရတာလဲ ဆိုတာ ဘယ်တော့မှ မရှင်းပြ။ ဘော့စ်ဘောကစားရတာ ပျင်းလာလို့ပါ ဟုသာ ပြောတတ်သည်။

မွေးရာပါ ထူးချွန်သူ အများစုလိုပဲ ဖန်ရှောလည်း သူ့အဖို့ သိပ်လွယ်နေတဲ့ ကိစ္စလေးတွေနဲ့ အချိန်ကုန် မခံချင်တော့။ တခြားမှာ စိန်ခေါ်မှု အသစ်တွေကို ရှာဖွေချင်လာခဲ့သည်။ မြို့ငယ်လေးရဲ့ အထက်တန်းကျောင်းသား ကလေးဘဝက အကန့်အသတ်တွေနဲ့။ သူ့အတွက် ဘာမှ အံ့သြစရာ မရှိတော့သလို၊ ဘာမှ ထူးခြားတာလည်း မရှိတော့။ အဲဒါအပြင် တခြား အကြောင်းတွေလည်း ရှိဦးမည်ဟု ကျွန်တော် ယုံကြည်ပါသည်။ အဲဒီကာလမှာ ဖြစ်ပွားခဲ့တဲ့ မိသားစု ကိစ္စတွေကြောင့် ဆိုတာတော့ သံသယ ဖြစ်ဖွယ် မရှိ။ ထို့ကြောင့် သူတို့မိသားစုအကြောင်း ဖော်ပြဖို့ လိုလာခဲ့သည်။ သို့ပေမဲ့ ဒီအချက်က အဓိကလား ဆိုတာတော့ နောက်ထပ် ဇာတ်လမ်း တစ်ပုဒ် ဖြစ်မည်။ ကျွန်တော်ကတော့ အားလုံးကို ထည့်သွင်းစဉ်းစားစေချင်တာပဲ ဖြစ်သည်။

mgyoe.com

အဆုံးမှာ ဘဝဆိုတာ မရေမရာ အခြေအနေတွေနဲ့ ပေါင်းစပ်ထားတဲ့ ရလဒ်တစ်ခု၊ ကြုံကြိုက် တိုက်ဆိုင်မှုများ၏ ဒဏ္ဍာရီ တစ်ခု၊ ကြက်ကန်း ဆန်အိုးတိုးမှုတွေ၊ ကျပန်းအဖြစ်အပျက်တွေနဲ့ ကိုယ်ပိုင် ရည်ရွယ်ချက် မရှိသည့် အရာသက်သက် ဆိုတာ ဖွင့်ဟနေခဲ့သည်။

ဖန်ရှော ဆယ့်ခြောက်နှစ်သားခန့်တွင် ဖခင်ဖြစ်သူမှာ ကင်ဆာရောဂါ စွဲကပ်နေကြောင်း တွေ့ရှိခဲ့သည်။ မသေဆုံးခင် တစ်နှစ်ခွဲမျှ သူ့အဖေကို ပြုစုခဲ့ရသည်။ ထိုကာလအတွင်း သူတို့မိသားစုလည်း တဖြည်းဖြည်း ပြိုကွဲလာခဲ့သည်။ ဖန်ရှော၏ အမေမှာ အထိနာဆုံး ဖြစ်မည်။ ဟန်မပျက် လောကစံကို ကြံ့ကြံ့ခံရင်း ဆရာဝန်ကြီးများနဲ့ ပြသလိုက်၊ ငွေကြေး စရိတ်တွေကို စီမံခန့်ခွဲလိုက်၊ အိမ်မှုကိစ္စများကိုလည်း တစ်ဖက်က လုပ်လိုက်နဲ့၊ သူမမှာ ပြန်လည်ကောင်းမွန်လာမလား အကောင်းမြင်စိတ်နှင့် မျှော်လင့်ချက် ပျက်ယွင်း မလုပ်ချင် မကိုင်ချင် ဖြစ်ခြင်းကြား ကူးချည်သန်းချည် ဖြစ်နေခဲ့သည်။ ဖန်ရှော အမြင်အရ သူမမှာ မလွဲမသွေကြုံရမည့် အရာတစ်ခုကို လက်မခံနိုင်ကြောင်း မျက်နှာမှာ အထင်းသား ပေါ်လွင်နေသည်ဟု ဆိုသည်။ သူမအနေနဲ့ ဘာတွေဖြစ်လာမလဲ ဆိုတာ သိနေသည်။ သို့သော် အဲဒါကို လက်ခံနိုင်သည့် အင်အား မရှိ။ ကြာလာသည့်အခါ သူမမှာ အဲဒီလို မဖြစ်တော့သယောင် မှတ်ယူပြီးသာ နေလာခဲ့သည်။ သူမ အပြုအမူတွေက တနေ့တခြား ပိုပြီး ကြောင်တောင်တောင် နိုင်လာသည်။ အိမ်မှာ တစ်ယောက်တည်း နေရမှာ စိုးပြီး တစ်ညလုံး သဘောရှိ အိမ်ကို သန့်ရှင်းရေး လုပ်နေတာမျိုး (အိမ်ကနေ ရုတ်တရက် မမျှော်လင့်ဘဲ ပျောက်သွားတာလည်း ပါသေးသည်)၊ စိတ်ကူးရသမျှ မမာမကျန်းမှုတွေ တစ်မျိုးမဟုတ် တစ်မျိုး ဖြစ်နေတာမျိုး (ခါတ်မတည့်ခြင်း၊ သွေးတိုး၊ မူးဝေ နောက်ကျိုခြင်း)။ ထို့ပြင် ပေါကြောင်ကြောင် အယူအဆ အမျိုးမျိုးကို စပြီး စိတ်ဝင်စားလာသည်။ ဗေဒင်နက္ခတ် ပညာရပ်တွေ၊ စိတ်တန်ခိုး အယူအဆတွေ၊ ဝိညာဉ်နှင့် ပတ်သက်သည့် ဝါးတားတား နာမ်ပိုင်းဆိုင်ရာ သဘောထားတွေ စသည်ဖြင့်။ နောက်ဆုံး သူမနှင့် စကားပြောတိုင်း လူသား ခန္ဓာကိုယ်၏ ဖောက်ပြန်မှုနဲ့ ပတ်သက်ပြီး လက်ချာရိုက်နေတတ်သဖြင့် ဘယ်လိုမှ နားမထောင်နိုင်တော့ဘဲ အသံတိတ် နှုတ်ဆိတ်နေရတော့သည်။

mgyoe.com

ဖန်ရှောနှင့် သူ့အမေ ဆက်ဆံရေးမှာ တင်းမာလာခဲ့သည်။ သူမက မိသားစု ဒုက္ခအဝဝကို သူမတစ်ယောက်တည်းနှင့် ဆိုင်သည့် ပုံမျိုး။ သူ့ကို လည်း သူမအပေါ် အကူအညီ ပေးစေချင်သည်။ ဖန်ရှောမှာလည်း အိမ်မှာ ကြဲ့ကြဲ့ခံပြီး ရှိနေဖို့ လိုသည်။ သူ့ကိုယ်သူ စောင့်ရှောက်ရုံတင်မက ၁၂ နှစ် သမီးသာ ရှိသေးသော ညီမလေးကိုလည်း စောင့်ရှောက်ဖို့ တာဝန်ရှိသည်ဟု ယူဆသည်။ သို့ပေမဲ့ အဲဒီကိစ္စက နောက်ပြဿနာ တစ်ခုကို ဖန်တီးခဲ့သည်။ ဖြစ်ပုံက သူ့ညီမ အယ်လန်မှာ စိတ်ပိုင်းဆိုင်ရာ ပြဿနာရှိသည့် စိတ်မငြိမ် သော ကလေးတစ်ယောက်။ မမာမကျန်းဖြစ်မှုကြောင့် မိဘများ အလုပ်ရှုပ် နေခိုက်တွင် သူမမှာ သူ့ကိုသာ အရာရာအားထားလာခဲ့သည်။ အဖေလည်း သူ၊ အမေလည်း သူ၊ သူမအတွက် ဉာဏ်ပညာ အရာမှာရော အစစအရာရာ အဆင်ပြေရေးမှာ ခံတပ်ကြီး တစ်ခုသဖွယ် ကာကွယ်စောင့်ရှောက်ပေးသူ တစ်ယောက် ဖြစ်လာသည်။ သူမ သူ့အပေါ် ဒီလောက်မှီခိုလာတာ မကောင်းမှန်း ဖန်ရှော သိပါသည်။ သို့သော်လည်း သူမ ထာဝရ ဒဏ်သင့်သွားမှာလည်း စိုးသည့်အတွက် သူ့မှာ တခြားရွေးချယ်စရာ လမ်းမရှိ။ ကျွန်တော့် အမေက "ဂျိမ်း(မစ္စ ဖန်ရှော) တစ်ယောက် သနားစရာကွယ်၊ ဒီကိစ္စဖြစ်မှ ကလေး အခြေအနေက အတော်ဆိုးသွားတယ်" ဟု ပြောလေ့ရှိတာကို မှတ်မိနေ သေးသည်။ သို့ပေမဲ့ ဒီကိစ္စမှာ ဒုက္ခအခံခဲ့ရဆုံးက ဖန်ရှောပဲဆိုတာ ကျွန်တော် သိနေခဲ့သည်။ သူ့အနေနဲ့ ထုတ်ပြောခွင့်မရလို့သာ လူမသိကြတာ ဖြစ်သည်။

ဖန်ရှော၏ အဖေနှင့် ပတ်သက်၍တော့ ကျွန်တော် အသေအချာ ပြောနိုင်တာ သိပ်မရှိ။ ကျွန်တော့်အတွက် သူက ပဟေဠိပင်။ ကြင်နာပြီး တွေးခေါ်မြော်မြင်တတ်သည့် စကားနည်းသော လူတစ်ယောက်။ ကျွန်တော် သူ့အကြောင်းကို သိပ်ကောင်းကောင်း မသိ။ ကျွန်တော့်အဖေက စနေ၊ တနင်္ဂနွေနေ့တွေမှာ ဟိုဟိုသည်သည် သွားလာတတ်ပေမယ့် ဖန်ရှော၏ အဖေ ကိုတော့ သိပ်မတွေ့ရ။ သူက အတန်အသင့် ထင်ရှားသည့် ရှေ့နေ။ တစ်ခါက နိုင်ငံရေး လုပ်ဖို့ စိတ်ကူးဖူးသည်။ သို့သော်လည်း စိတ်ပျက်ဖွယ်ရာတွေ ကြုံရပြီး အဆုံးသတ်သွားခဲ့သည်။ သူက အလုပ်ကို မိုးချုပ်သည်အထိ လုပ်လေ့ရှိသည်။ ရှစ်နာရီ ကိုးနာရီမှ လမ်းပေါ်ရောက်တော့သည်။ စနေနေ့နှင့် တနင်္ဂနွေနေ့ တစ်ပိုင်းကို ရုံးမှာပဲ ကုန်ဆုံးလေ့ ရှိတတ်သည်။ သူဟာ

mgyoe.com

သူ့သားအကြောင်းတောင်မှ ကောင်းကောင်းသိရဲ့လား ကျွန်တော် သံသယ ဖြစ်မိသည်။ သူ့ ကြည့်ရသည်မှာ ကလေးတွေအပေါ် သိပ်ခံစားမှု ရှိပုံ မရ။ ကိုယ်ကိုယ်တိုင် ကလေးဖြစ်ခဲ့တယ် ဆိုတာတောင် မေ့လျော့နေခဲ့သည့် ပုံပင်။ မစ္စတာ ဖန်ရှောမှာ အရမ်းလူကြီးဆန်ပြီး လေးနက်ရင့်ကျက်သော ကိစ္စများ မှာသာ စိတ်နှစ်ထားသဖြင့် ကျွန်တော်တို့ကို တခြား ကမ္ဘာက သတ္တဝါလေး တွေဟုသာ သဘောထားမည့်ပုံပင်။

သူသေဆုံးသည့် အချိန်မှာ အသက် ၅၀ ပင် မပြည့်သေး။ ဆရာဝန် တွေကလည်း သူ့ကို လက်လျှော့လိုက်ပြီ ဖြစ်သည့်အတွက် သူ၏ နောက်ဆုံး ခြောက်လကို သူတို့အိမ်၏ အိပ်ခန်းအလွတ် တစ်ခုတွင်ထိုင်ပြီး ပြတင်းပေါက်က ငေးလိုက်၊ တစ်ခါတစ်ရံ စာအုပ်တွေ ဖတ်လိုက်၊ အကိုက်အခဲ ပျောက်ဆေးတွေ သောက်လိုက်၊ ငိုက်မျဉ်းလိုက်ဖြင့် ကုန်ဆုံးစေခဲ့သည်။ ဖန်ရှောက အချိန်အား ရတိုင်း သူနှင့်အတူ နေပေးခဲ့သည်။ ကျွန်တော် မှန်းဆရသလောက် သူတို့ ကြားက ဆက်ဆံရေးတွေ ပြောင်းလဲခဲ့သည်ဟု ထင်သည်။ သူ့မှာ ဒီအတွက် ဘယ်လောက် ပင်ပန်းခံခဲ့သလဲ ဆိုတာ ကျွန်တော် သိသည်။ သူ့အဖေအတွက် အချိန်ပေးဖို့ ကျောင်းမှ အိမ် တန်းပြန်သည်။ မဆုတ်မနစ် အာရုံစိုက် ပြုစု ပေးသည်။ သူ့ကို မရှိမဖြစ် အနေအထား ရောက်စေခဲ့သည်။ ဖန်ရှောအတွက် ပင်ပန်းကြီးစွာ မနားမနေလုပ်ရသည့် အလုပ် ဖြစ်သည်။ သူ့မှာ မနိုင်ဝန်လိုတောင် ဖြစ်နေနိုင်သည်။ တစ်ခါတစ်ရံ သူ ဘယ်လိုများ ဒါကို ကိုင်တွယ် ကျော်လွှားခဲ့ သလဲ အံ့ဩမိသည်။

တစ်ခုပဲ ကျွန်တော် ဒီမှာ ထပ်ပြောချင်ပါသည်။ ဒီကာလများ၏ (ရက်ပိုင်းသာ ခံတော့မည်ဟု အားလုံးက နားလည်ပြီးသား) အဆုံးသတ် ရက်များတွင် ဖန်ရှောနှင့် ကျွန်တော် ကျောင်းအဆင်း ကားလျှောက်မောင်းကြ သည်။ အချိန်က ဖေဖော်ဝါရီလ။ ကျွန်တော်တို့ မောင်းလို့မှ သိပ်မကြာသေး၊ နှင်းတဖွဲဖွဲ စပြီး ကျလာသည်။ ကျွန်တော်တို့မှာ ခြေဦးတည့်ရာ လျှောက်မောင်း နေခဲ့ကြသည်။ အနီးအနား မြို့လေးများတစ်ဝိုက် ပတ်နေခဲ့ကြသည်။ ဘယ်နေရာ ရောက်နေလဲတောင် အာရုံမစိုက်။ အိမ်မှ ၁၀ မိုင်၊ ၁၅ မိုင်ခန့် မောင်းပြီး နောက်တွင် သင်္ချိုင်းတစ်ခု တွေ့ရသည်။ ဂိတ်က ပွင့်လာသည်။ ကျွန်တော် တို့လည်း ဘာရယ်လို့မဟုတ်၊ မောင်းဝင်လိုက်ကြသည်။ ခဏနေတော့

mgoe.com

mgoe.com.

ကားကို ရပ်ပြီး ဟိုနားသည်နား လျှောက်ကြသည်။ ကျောက်တုံးပေါ်မှာ ရေးထားသော ကမ္ပည်းစာများကို လျှောက်ဖတ်ကြသည်။ ဘယ်လို ဘဝမျိုး နေထိုင် ဖြတ်သန်းခဲ့ကြသလဲ ခန့်မှန်းကြသည်။ နှုတ်ဆိတ်သွားကြသည်။ ဆက်လျှောက်ကြသည်။ စကားစမြည် ပြောသည်။ တစ်ဖန် ငြိမ်သွားကြ ပြန်သည်။ အခုတော့ နှင်းတွေက သဲသဲမဲမဲ ကျဆင်းလာခဲ့သည်။ မြေပြင်က စပြီး ဖွေးလာခဲ့သည်။ သင်္ချိုင်းအလယ် တစ်နေရာတွင် လတ်တလော တူးထား သော ကျင်းကို တွေ့ရသည်။ ဖန်ရှောနှင့် ကျွန်တော်လည်း မြေကျင်း အစပ်မှာ ရပ်ပြီး အောက်ကို ငုံ့ကြည့်ကြသည်။ ထိုအချိန်က အရမ်းကို ငြိမ်တိတ်နေခဲ့ သည်ကို မှတ်မိလို့ နေသေးသည်။

ကမ္ဘာကြီးက ဟိုးအဝေးမှာလိုပင်။ အတော်ကြာကြာ ကျွန်တော်တို့ စကားမပြောဖြစ်ကြ။ ထို့နောက် ဖန်ရှောက ပြောလာသည်။ သူက မြေကျင်း အောက်ခြေတွင် ဘယ်လိုနေမလဲ သိချင်သည်။ ကျွန်တော်က သူ့ကို လက်နှင့် အသေအချာ ထိန်းထားပြီး ဟိုးအောက်ခြေကို ဆင်းစေသည်။ မြေပြင်ကို ခြေချမိတော့ သူက ကျွန်တော့်ဘက် လှည့်ပြီး မခို့တရို့ ပြုံးပြ သည်။ ထို့နောက် ကျောခင်းပြီး အိပ်ချလိုက်တော့သည်။ လူသေ တစ်ယောက် ပမာ။ ကျွန်တော့်မျက်စိထဲမှာ အဲဒီမြင်ကွင်းက စွဲကျန်နေဆဲပင်။ ဖန်ရှောကို ငုံ့ကြည့်လိုက်သည့်အခါ သူက ကောင်းကင်ကို မော့ကြည့်လို့။ သူ့မျက်လုံး တွေက သူ့မျက်နှာပေါ် ကျနေသော နှင်းများကို ဒေါသတကြီး မျက်တောင် ခတ်ကာ ဖယ်ထုတ်နေခဲ့သည်။

မထင်မရှား အတွေးစဉ်များက ကျွန်တော်တို့ အတော်ငယ်ငယ်က ဘဝကို ပြန်တွေးမိစေသည်။ အဲဒီအချိန်က အသက် လေး၊ ငါး နှစ်ထက် မပိုသေး။ ဖန်ရှော၏ မိဘများက ပစ္စည်းအသစ်တစ်မျိုး ဝယ်လာသည်။ ရုပ်မြင်သံကြားပဲလား မသိ။ လအတော်ကြာကြာ ဖန်ရှောက သူ့အခန်းထဲမှာ ကတ်ထူပုံးကို သိမ်းထားသည်။ သူက သူ့အရုပ်များကို ရက်ရက်ရောရော ပေးကစားပေမယ့် ဒီသေတ္တာလေးတော့ မပါ။ သူက ကျွန်တော့်ကို ဘယ်တော့မှ ပေးမဝင်။ သူက ကျွန်တော့်ကို ပြောပြသည်။ သူ၏ လျှို့ဝှက်နေရာလေးမှာ သူ ဝင်ထိုင်ပြီး ပတ်ပတ်လည်ကို ပိတ်လိုက်လျှင် သူ သွားလိုရာ သွားနိုင် သည်။ သူ ရောက်ချင်သည့် နေရာ ရောက်နိုင်သည်။ သို့ပေမဲ့ တခြားတစ်ယောက်

mgoe.com

m g y o e . c o m  SAMPLE BOOK 

ဝင်လျှင်တော့ ဒီမှော်တန်ခိုးက ပျောက်သွားလိမ့်မည်ဟု ဆိုသည်။ ကျွန်တော် လည်း ဒီဇာတ်လမ်းကို ယုံကြည်ပြီး ကျွန်တော့်ကို အလှည့်ပေးဖို့ မတောင်းဆို။ သို့သော် ကျွန်တော့်မှာ အသည်းကွဲလုမတတ်ခံ စားရသည်။ နှစ်ယောက်သား စစ်သားရုပ်တွေ ပုံဆွဲကားချပ်တွေနှင့် ကစားနေရာက သူက ရုတ်တရက် သူ့ သေတ္တာထဲ ဝင်တော့မည်ဟု ကြေညာတတ်သည်။ ကျွန်တော်လည်း ကစား လက်စကို ဆက်ကစားဖို့ ကြိုးပမ်းပါသည်။ သို့သော် ဘယ်လိုမှ ဆက်ကစားလို့ မရတော့။ ဖန်ရှော တစ်ယောက် သေတ္တာထဲမှာ ဘာများ ဖြစ်နေသလဲ သိချင်စိတ် ကို ဘာကမှ မဖုံးလွှမ်းနိုင်။ ထိုအခိုက်အတန့်မှာ သူ ပုံးထဲမှာ ဘယ်လို စွန့်စား ခန်းတွေများ ကြုံနေရသလဲ ကြိုးစား မြင်ယောင်ကြည့်သည်။ သို့သော် ကျွန်တော် ဘယ်တုန်းကမှ မသိနိုင်ခဲ့။ ဖန်ရှော အနေနှင့် ဒီအကြောင်းတွေကို စည်းကမ်းဖောက်ပြီး ကျွန်တော့်ကို ပြန်ပြောပြလို့ မရ။

အခုတော့ နှင်းဖွဲဖွဲကျနေသည့် မြေကျင်းထဲတွင် ခပ်ဆင်ဆင် အဖြစ်မျိုး ကြုံရပြန်သည်။ ဖန်ရှောက မြေကျင်းအောက်မှာ တစ်ယောက်တည်း။ သူ့အတွေးနဲ့ သူ။ ဒီကာလလေးထဲမှာ သူ့ဘာသာ သူ တစ်ယောက်တည်း နေထိုင်လို့။ ကျွန်တော် ရှိနေပေမယ့်လည်း အဖြစ်အပျက်တွေကို ကျွန်တော် မမြင်နိုင်။ ကျွန်တော် မရှိသည့် အတိုင်းပင်။ ဒါဟာ သူ့အဖေရဲ့ သေဆုံးမှုကို သူ့နည်းသူ့ဟန်နှင့် တုပခြင်းသာ ဖြစ်သည်ဟု ကျွန်တော် နားလည်လိုက်သည်။ ပြီးတော့ ဒါက တကယ့် ကြုံကြိုက်မှုတစ်ခု။ ပွင့်နေသည့် မြေကျင်းက အဲဒီမှာရှိနေပြီး သူ့ကို ဖိတ်ခေါ်နေသည်ဟု ဖန်ရှော ခံစားမိသည်။ တစ်ခါက တစ်ယောက်က ပြောဖူးသည်။ ဇာတ်လမ်းများသည် သူတို့ကို ပြန်ပြော နိုင်သည့် သူများမှာပဲ ကြုံရတတ်သည်တဲ့။ ထိုနည်းတူစွာ အတွေ့အကြုံ များသည်လည်း ပြန်ပြောနိုင်မည့် သူများမှာသာ ကြုံရတတ်ပါသည်။ သို့သော် ဒါက နားလည်ဖို့ ခက်ခဲသည့် အချက်ပင်။ ကျွန်တော်လည်း ဒါ ဘယ်လောက်မှန်သလဲ မသေချာလှ။ ကျွန်တော်လည်း ဖန်ရှော တက်လာသည် အထိ အဲဒီမှာ စောင့်နေခဲ့သည်။ သူ ဘာများ တွေးနေမလဲ ကြိုးစားပုံဖော် ကြည့်မိသည်။ သူ ဘာများ မြင်နေရသလဲ ခဏလောက် ကြိုးစားမြင်ယောင် ကြည့်သည်။ ထို့နောက် ကျွန်တော်လည်း မှောင်စပျိုးစ ဆောင်းတွင်း ကောင်းကင်ကြီးကို မော့ကြည့်လိုက်သည်။ နှင်းတွေက ပရမ်းပတာ ကျွန်တော့် အပေါ် အလောတကြီး ဆင်းလာနေကြသည်။

m g y o e . c o m

mgyoe.com


ကျွန်တော်တို့ နှစ်ယောက်သား ကားရှိရာ ပြန်လျှောက်လာကြချိန် နေဝင်သွားခဲ့သည်။ ကျွန်တော်တို့မှာ တစ်ယောက်နှင့် တစ်ယောက် စကား မပြောနိုင်ကြဘဲ သစ်ချိုင်းထဲ စမ်းတဝါးဝါး လျှောက်နေခဲ့ကြသည်။ နှင်းထုက လက်မအတော်များများပင် ရှိနေခဲ့ပြီ။ ဆက်ပြီးလည်း ကျဆင်းဆဲ။ ဘယ်တော့မှ မစဲတော့မည့်အတိုင်း ပိုပိုပြီးသာ သည်းလာသည်။ ကျွန်တော်တို့လည်း ကားဆီ ပြန်ရောက်လာကြသည်။ ကားထဲ ဝင်လိုက်ပြီး ထွက်ဖို့ ကြိုးစား ပေမယ့် ကားက မလှုပ်တော့။ အနောက်ဘက်က ဘီးတွေက မြောင်းတိမ်တိမ် လေးထဲ ကျနေသည်။ ကျွန်တော်တို့ ဘယ်လိုမှ လုပ်မရ။ ကျွန်တော်တို့ တွန်းသည်၊ တိုက်သည်။ ဘီးက ကြောက်စရာ ကောင်းလောက်အောင် လည်နေ သည်။ သို့သော် ဆူညံနေတာပဲ ရှိသည် ဘာမှမထူး။ နာရီဝက်ခန့် ကြာသွား သည့်နောက် ကျွန်တော်တို့ လက်လျှော့လိုက်သည်။ ချီတုံချတုံနှင့်ပဲ ကားကို ထားခဲ့ဖို့ ဆုံးဖြတ်မိသည်။ နှစ်ယောက်သား မုန်တိုင်းထဲတွင် ကြုံသည့်ကား တက်စီးကာ အိမ်ပြန်ရောက်လာခဲ့သည်။ နှစ်နာရီလောက်ကြာမှ အိမ်ပြန် ရောက်ကြသည်။ အိမ်ပြန်ရောက်မှပဲ ဖန်ရှော၏ အဖေ နေ့လယ်ခင်းက ဆုံးသွားမှန်း သိတော့သည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း(၃)

ခရီးဆောင်အိတ် ဖွင့်ဖို့ကို ရက်အတန် ကြာခဲ့သည်။ ကျွန်တော်က ရေးလက်စ ဆောင်းပါးကို အဆုံးသတ်နေခဲ့သည်။ ရုပ်ရှင်သွားကြည့်သည်။ ပုံမှန်အားဖြင့် သွားလေ့မရှိသော ဖိတ်ကြားမှုများကို လက်ခံခဲ့သည်။ သို့ပေမဲ့ ဒီနည်းစနစ်များက ကျွန်တော့်ကို မလှည့်စားနိုင်။ ကျွန်တော့် အဆုံးအဖြတ်အပေါ် လုံးလုံးကြီး မူတည်နေသည့် အနေအထားကို ကျွန်တော် ရင်မဆိုင်ချင်။ ပြီးတော့ စိတ်ပျက်ဖွယ်ရာ အရေးအသားတွေ တွေ့ရလျှင် ခက်မည်။ ဖန်ရှော၏ စာမူများကို မီးရှို့ခိုင်းတာဟာ သူ့ကို ကျွန်တော့်လက်နှင့် ကိုယ်တိုင်ကိုယ်ကျ သတ်ဖြတ်တာနဲ့ သိပ်မထူးဟု ကျွန်တော် ထင်သည်။ ကျင်းထဲက အလောင်းကို ခိုးပြီး တစ်စစီဆုတ်ဖြဲ ဖျက်ဆီးပိုင်ခွင့် အာဏာကို ကျွန်တော့်ကို ပေးထားသည်။ ကျွန်တော် ယူရမည့် အခန်းကဏ္ဍက မခံစားနိုင်အောင်ပင်။ ကျွန်တော့်အနေနှင့် ဒီလိုနေရာမျိုးကတော့ မပါချင်။

ခရီးဆောင်အိတ်ကို မထိသေးသရွေ့တော့ ကျွန်တော့်စိတ်က သက်သာရာ ရနေသေးသည်။ တစ်ဖက်မှာတော့ ကျွန်တော်က ကတိပေးခဲ့ပြီးပြီ။ ဒီလို အမြဲတမ်းတော့ ရွှေ့ဆိုင်းနေလို့ မရ။ အဲဒီမှာပဲ (ကိုယ့်ကိုယ်ကိုယ် အားတင်းပြီး အဆင်သင့်ဖြစ်အောင် ပြင်ဆင်နေစဉ်မှာ) နောက်ထပ်

mgyoe.com

mgyoe.com


အကြောက်တရား တစ်မျိုးက ကျွန်တော့်ကို ခြောက်လှန့်ပြန်သည်။ ကျွန်တော့်မှာ ဖန်ရှော၏ စာတွေကို မည့်စေချင်သလို ကောင်းလည်း မကောင်းစေချင်ကြောင်း ကိုယ့်ကိုယ်ကိုယ် သိလာမိသည်။ ကျွန်တော့်အတွက် အတော်ရှင်းပြရခက်သည့် ခံစားမှုပင်။ ပြိုင်ဘက်ဟောင်း တစ်ယောက်အနေဖြင့် ဖန်ရှော၏ ထူးခြားပြောင်မြောက်မှုအောက် ရောက်သွားမှာလည်း စိုးနေခဲ့သည်။ သို့သော်လည်း ကျွန်တော့်မှာ ကိုယ့်စကားနှင့်ကိုယ် ပိတ်မိနေမှာလည်း ကြောက်သည်။ ကျွန်တော်က ကတိပေးခဲ့ပြီးပြီ ဖြစ်သည်။ ခရီးဆောင်အိတ်ကို ဖွင့်လိုက်သည်နှင့် ကျွန်တော်က ဖန်ရှော၏ ပြောရေးဆိုခွင့် ရှိသူ ဖြစ်သွားပေမည်။ စိတ်ပါပါ၊ မပါပါ ကျွန်တော်က သူ့ကိုယ်စား ပြောပေးရတော့မည်။ ဤဖြစ်နိုင်ခြေ နှစ်ခုလုံးက ကျွန်တော့်ကို ခြောက်လှန့်နေခဲ့သည်။ သေမိန့်ချရတာ ဆိုးလှသလို သေမိန့်ချပြီးသား လူအတွက် ဆောင်ရွက်ပေးရတာလည်း မသက်သာလှ။ ရက်ပေါင်းများစွာ ကျွန်တော့်မှာ ဒီစိုးရွံ့မှုတွေကြားမှာ ရှေ့တိုးနောက်ငင် ဖြစ်နေခဲ့သည်။ ဘယ်အရာက ပိုဆိုးမလဲ ဝေခွဲမရ။ နောက်ဆုံးမှာတော့ ကျွန်တော် အိတ်ကို ဖွင့်လိုက်တော့သည်။ ဒီနေရာမှာတော့ ကျွန်တော့်မှာ ဖန်ရှောထက် ဆိုဖို့အတွက် လုပ်ပေးသည်ဟု ဆိုနိုင်သည်။ ကျွန်တော် သူမကို ထပ်တွေ့ချင်သေးသည်။ မြန်မြန် ကျွန်တော် အလုပ်စ နိုင်လေ၊ မြန်မြန် သူမကို ဖုန်းဆက်နိုင်လေ မဟုတ်လား။

ဒီနေရာမှာတော့ ကျွန်တော် အသေးစိတ် သွားဖို့ မရည်ရွယ်ပါ။ ယခုအချိန်မှာ လူတိုင်းလည်း ဖန်ရှော၏ လက်ရာများကို သိနေခဲ့ကြပေပြီ။ ဖတ်ပြီး ဆွေးနွေးခဲ့ကြပေပြီ။ ဆောင်းပါးတွေ၊ လေ့လာချက်တွေပင် ထွက်နေခဲ့ပြီ။ လူအများပိုင်ပင် ဖြစ်နေခဲ့ပြီ။ ကျွန်တော့်အဖို့ ပြောစရာဆို၍ ဖတ်ပြီး တစ်နာရီ နှစ်နာရီပင် မရှိသေး၊ ကျွန်တော် တွေးပူခံစားခဲ့တာတွေဟာ အလကားပါပဲလား ဆိုတာ နားလည်လာခဲ့သည်။ စကားလုံးတွေကို ဂရုတစိုက် ထိန်းသိမ်းဖို့၊ အရေးအသားတွေမှာ စိတ်ဝင်တစား ပါဝင်လာဖို့၊ စာအုပ်၏ တန်ခိုးစွမ်းအားကို ယုံကြည်ဖို့ ဆိုတဲ့ ကိစ္စတွေက ကျန်အရာများ အားလုံးကို လွှမ်းမိုးသွားခဲ့သည်။ ထိုအချိန်မှာ လူတစ်ယောက်၏ ဘဝဆိုတာ သိပ်ကို သေးငယ်သွားခဲ့သည်။ ကိုယ့်ကိုယ်ကိုယ် ချီးကျူးဖို့ ၊ ကျွန်တော့် လုပ်ရပ်ကို မီးမောင်းထိုးပြဖို့ ပြောနေခြင်း မဟုတ်ပါ။ ကျွန်တော်က ပထမဆုံး ဖတ်ရှုသူဖြစ်ပါသည်။ သို့သော်လည်း အဲဒါကလွဲပြီး တခြားသူတွေနဲ့ ဘာမှပိုမထူး။

mgyoe.com

အကယ်၍ ဖန်ရှောစ်၏ လက်ရာများသာ ဤမျှ မကောင်းလျှင် ကျွန်တော်၏ ကဏ္ဍက တစ်မျိုး ဖြစ်ပေလိမ့်မည်။ ဒီဝတ္ထုတွေ ထုတ်ဖြစ်ခြင်း၊ မထုတ်ဖြစ်ခြင်းက ကျွန်တော့်အပေါ် မူတည်ပေလိမ့်မည်။ အခုတော့ ကျွန်တော့်မှာ မမြင်နိုင်သည့် အသုံးချခံ ကိရိယာတစ်ခုသာ ဖြစ်ခဲ့သည်။ ကျွန်တော် ဒီအိတ်ကို ဖွင့်ဖို့ ငြင်းဆန်ခဲ့လျှင်ပဲဖြစ်ဖြစ်၊ ကျွန်တော် မဖွင့်ကြည့်ခဲ့ပါဘူးဟု ဟန်ဆောင်လျှင်ပဲဖြစ်ဖြစ် သူ့နည်း သူ့ဟန်နှင့် အရှေ့က အတားအဆီး မှန်သမျှ တိုက်ချပြီး သူ့အရှိန်နှင့် သူ ဆက်ရွေ့နေပါလိမ့်မည်။

စာမူတွေကို ကျေညက်ဖို့နှင့် စုစည်းဖို့၊ ပြီးပြီးသား စာများနှင့် စာမူကြမ်းများကို ခွဲခြားဖို့၊ စာမူများကို သက္ကရာဇ်စဉ်အတိုင်း စဉ်ဖို့ တစ်ပတ်ခန့် ကြာခဲ့သည်။ အစောဆုံးစာမူက ကဗျာတစ်ပုဒ်ပင်။ ၁၉၆၃ နွေဦးဖြင့် (ဖန်ရှောဆယ့်ခြောက်နှစ်အရွယ်က) ဖြစ်ပြီး နောက်ဆုံးရေးခဲ့သည့် စာမူက ၁၉၇၆ (သူ မပျောက်သွားခင် တစ်လအလို) နွေဦးဖြင့် ဖြစ်သည်။ အားလုံး ပေါင်းလျှင် ကဗျာအပုဒ် တစ်ရာကျော်၊ ဝတ္ထုသုံးပုဒ်(နှစ်ပုဒ်က အတို၊ တစ်ပုဒ်က အရှည်) နှင့် တစ်ခန်းရပ် ပြဇာတ် ငါးပုဒ်။ မှတ်စု စာအုပ် ဆယ့်သုံးအုပ်လည်း ပါသေးသည်။ ထိုမှတ်စု စာအုပ်များထဲတွင် တစ်ပိုင်းတစ်စ အရေးအသားများ၊ ခပ်ပါးပါး တို့ထိချက်များ၊ တေးထားချက်များ၊ သူ ဖတ်ခဲ့သော စာအုပ်များ အပေါ် မှတ်ချက်များ၊ နောက်ပိုင်း ဆက်ရေးဖို့ အတွေးစများ ပါဝင်သည်။ ပေးစာများ၊ နေ့စဉ်မှတ်တမ်းများ စသည်ဖြင့် ဖန်ရှော၏ နေ့စဉ်ဘဝကို တစေ့တစောင်း မြင်နိုင်သည့် စာဆို၍ မရှိ။ သို့သော်လည်း ကျွန်တော်ကတော့ ရှိလိမ့်မည်ဟု မျှော်လင့်သည်။ လူတစ်ယောက်အနေဖြင့် သူ့လမ်းကြောင်းကို အစမဖော်ထားဘဲနှင့် လောကကြီးကနေ ရှောင်ပုန်းနေမှာ မဟုတ်။ ကျွန်တော်ကတော့ သူ့စာများတွင် တစ်နေရာရာ၌ ကျွန်တော့်အတွက် ညွှန်ကြားလွှာလိုစာမျိုး၊ သူ၏ စာပေ ကိုယ်စားလှယ်အဖြစ် မှတ်စုစာအုပ်ထဲမှာ အမည်တပ်စာရင်းသွင်း ထားတာမျိုးစသည်ဖြင့် ကျွန်တော့်အတွက် တစ်ခုခု ဖော်ပြထားလိမ့်မည်ဟု ထင်မိသည်။ သို့ပေမဲ့ ဘာမှ မရှိ။ ဖန်ရှောက ကျွန်တော့်လက်ထဲ လုံးလုံးလျားလျား အပ်ထားခဲ့သည်။

ကျွန်တော်လည်း ဆိုဖီဆီ တယ်လီဖုန်းဆက်ပြီး နောက်တစ်နေ့ညညစာစားကြဖို့ စီစဉ်သည်။ ကျွန်တော်က (ကျွန်တော် တတ်နိုင်သည်ထက် ပိုဈေးကြီးသော) ပြင်သစ်ဆိုင် ကောင်းကောင်းလေးကို ချိန်းသဖြင့် သူမ

m gyoe . com

mgyoe.com
SAMPLE BOOK


အနေဖြင့် ဖန်ရှောဓ၏ လက်ရာများအပေါ် ကျွန်တော် ဘယ်လို မြင်သလဲ ဆိုတာ ရိပ်မိလိမ့်မည် ထင်သည်။ သို့သော်လည်း ဒီလိုပွဲလုပ်ပြီး အရိပ်အကဲ ပြသည်ကလွဲပြီး ကျွန်တော်က ဘာမှ သိပ်မပြော။ အားလုံး သူ့အရှိန်လေး နှင့် သူ သွားနှင့်စေချင်သည်။ ရုတ်တရက် ကောက်ကာငင်ကာ ထလုပ်တာမျိုး၊ မရင့်ကျက်သည့် အမူအရာမျိုးတွေကို မကြိုက်။ ကျွန်တော်က ဖန်ရှောဓ၏ လက်ရာများနှင့် ပတ်သက်ပြီး သေချာမှု ရှိသည်။ သို့သော် ဆိုဖီနှင့် ကိစ္စမှာ လောသလို ဖြစ်မှာ စိုးသည်။ ကျွန်တော့်ဆောင်ရွက်မှုအပေါ် တည်မှီလွန်းတာ မျိုး။ အစမှာကတည်းက အများမှားအယွင်းယွင်း လုပ်မိတာမျိုးက ပျက်စီးမှု လမ်းစများပင်။ ယခုဆိုလျှင် သူမ သိသိ မသိသိ၊ ဆိုဖီနှင့် ကျွန်တော်က ချိတ်ဆက် မိနေခဲ့ပြီ။ အနည်းဆုံး ဖန်ရှောဓ၏ လက်ရာများကို စင်တင်သည့် ကိစ္စတွင် မိတ်ဖက်များ ဖြစ်နေကြပြီ။ သို့သော် ကျွန်တော်က ဒီမှာတင် မရပ်ချင်။ ဆိုဖီ့ ကိုလည်း အဲဒီလို ဖြစ်စေချင်သည်။ ကျွန်တော့်မှာ စိတ်စောလွန်းနေသဖြင့် ကိုယ့်ကိုယ်ကိုယ် သတိထားဖို့ တိုက်တွန်းရသည်။ ဘာပဲဖြစ်ဖြစ် ကြိုတွေး ထားဖို့ ပြောရသည်။

သူမက အနက်ရောင် ပိုးသားဝတ်စုံလေးနှင့် ငွေရောင်နားဆွဲလေး ဆွဲထားသည်။ ကြော့ရှင်းသည့် လည်တိုင်လေး ပေါ်လွင်အောင် ဆံပင်ကို စုသိမ်းထားသည်။ သူမက စားသောက်ဆိုင်ထဲ ဝင်လာပြီး ကျွန်တော် ထိုင်စောင့် နေသည်ကို မြင်တော့ နွေးထွေးပျူငှာစွာ ပြုံးပြသည်။ သူမ ပုံစံက ကိုယ့်အလှ ကိုယ် သိထားပြီးသလို၊ တစ်ချိန်တည်းတွင် ဘာမှန်း မရေရာလှသည့် အခိုက်အတန့် ဖြစ်သည်ကို သတိပေးနေသလိုပင်။ တစ်ဖက်တွင် ဤအခိုက်အတန့် လေးကို တစိမ့်စိမ့် အရသာခံနေပြီး တစ်ဖက်တွင်လည်း ကိုယ့်ရှိုးကားရား ဖြစ်သွားမှာလည်း သတိထားနေရသည်။ ကျွန်တော်က သူမကို အသက်ရှူမှား လောက်ပါပေ့ဟု ချီးမွမ်းမိပြီး သူမက ဘန် မွေးပြီးကတည်းက ဒါ ပထမဆုံး ညဘက် ထွက်ဖူးတာဖြစ်ကြောင်း တစ်မျိုး တစ်ဘာသာလေး ပြောသည်။ ဒီအချက်က သူမကို တစ်မျိုးတစ်ဖုံ မြင်စေချင်ကြောင်း ပြနေသည်။ ကျွန်တော် လည်း ကိုယ့်ကိုယ်ကိုယ် ဖြည်းဖြည်းမှပဲ လှုပ်ရှားဖို့ စိတ်ထဲက ပြောမိပြီး အလုပ် ကိစ္စကိုပဲ အဓိက ပြောတော့သည်။ ကျွန်တော်တို့အတွက် စီစဉ်ထားသည့် (အဖြူရောင် စားပွဲခင်း၊ ကြီးမားလှသည့် ငွေထည် အသုံးအဆောင်များ၊ အနီရောင် ကျူးလစ်ပန်းလေး ထိုးထားသည့် ပန်းအိုးရှည်ရှည်လေးကို

mgyoe.com

နှစ်ယောက်ကြားမှာ ချထားသည့်) စားပွဲရှိရာ လိုက်သွားကြပြီး ချပေးသည့် ခုံမှာ ထိုင်လိုက်ကြသည်။ သူမက ဒုတိယအကြိမ် ပြုံးတော့ ကျွန်တော်လည်း တုံ့ပြန်သည့် အနေဖြင့် ဖန်ရှောအကြောင်း စပြောသည်။

သူမ ကြည့်ရတာ ကျွန်တော် ပြောသမျှကို အံ့သြပုံမရ။ ဒါတွေက သူမအတွက် သတင်းဟောင်းတွေလိုပင်။ တကယ်တမ်း သူမက ဒါတွေကို အမည်တပ်ပြီးသား။ ကျွန်တော် ပြောသမျှက သူမ သိထားပြီးသားကို အတည်ပြုပေးရုံ သက်သက်သာ။ သူမကို စိတ်မလှုပ်ရှားစေနိုင်။ အံ့သြစရာပင်။ သူမစိတ်ထဲမှာ သတိနှင့် ထိန်းနေသလိုပင်။ ကျွန်တော် နားမလည်နိုင်။ မိနစ် အတန်ကြာမျှ ကျွန်တော့်မှာ လမ်းစပျောက်နေသည်။ နောက်မှ တဖြည်းဖြည်းချင်း သဘောပေါက်လာမိသည်။ သူမ၏ စိတ်ထဲ ခံစားနေသည်ကလည်း ကျွန်တော်နဲ့ သိပ်မကွာလှ။ ဖန်ရှောက သူမဘဝမှ ပျောက်ကွယ်သွားခဲ့သည်။ သူမအပေါ် ပုံကျလာသည့် ဝန်ထုပ်ဝန်ပိုးအတွက် မကျေမချမ်းဖြစ်မည်ဆိုလည်း ဖြစ်လောက်စရာပင်။ ဖန်ရှော၏ စာမူများကို ပုံနှိပ် ထုတ်ဝေခြင်းဖြင့် မရှိတော့သော လူတစ်ယောက်အပေါ် အချိန်နှင့် အားထုတ်မှုတွေ လုံးလုံးပေးအပ် မြှုပ်နှံထားရသည့် သဘော။ သူမကို အတိတ်မှာပဲ နေဖို့ တွန်းအားပေးနေသည့် သဘော။ လက်ရှိ တရားဝင် မုဆိုးမ၊ ကွယ်လွန်သူ စာရေးဆရာ၏ စာပေနတ်သမီး၊ ကြေကွဲဖွယ် အလွမ်းဇာတ်၏ လှပသော မင်းသမီး စသည့် သူမ ကပြရတော့မည့် အခန်းကဏ္ဍက သူမအတွက် ဘယ်လို အနာဂတ်မျိုးပဲ တည်ဆောက်ချင်ချင် အမည်းစက် စွန်းထင်ရမည့် သဘော။

ဘယ်သူ တစ်ဦးတစ်ယောက်မှ (ဝတ္ထုက ဖြစ်ရပ်မှန် ဖြစ်ပလေ့စေ) ဝတ္ထုတစ်ပုဒ်၏ အစိတ်အပိုင်း မဖြစ်ချင်ပါ။ ဆိုဖီက နှစ်ဆယ့်ခြောက်နှစ်သာ ရှိပါသေးသည်။ သူမမှာ ဖန်ရှော၏ ကမ္ဘာထဲမှာပဲ နေထိုင်သွားဖို့ရာ ငယ်လွန်းနေခဲ့သလို ကိုယ်ပိုင်ဘဝတစ်ခုကို ငြင်းဆန်ရလောက်အောင်လည်း သူမက အသိဉာဏ် မနည်းလှ။ ဖန်ရှောကို သူမ ချစ်ခဲ့သည် ဆိုသည့် အချက်က အဓိက မဟုတ်။ ဖန်ရှောက သေသွားခဲ့ပြီ။ သူမအနေနဲ့ သူ့ကို မေ့ထားခဲ့ရတော့မည်။

ဒါနဲ့ပတ်သက်ပြီး စကားတွေတော့ အများကြီး မပြောဖြစ်ခဲ့။ သို့ပေမဲ့ ဤအတိုင်း ခံစားနေခဲ့ကြသည်။ ဒါကို လစ်လျူရှုခဲ့လို့လည်း မဖြစ်။ ကျွန်တော်က ဦးဆောင်လမ်းပြ လုပ်ဖို့ဆိုတာ နည်းနည်းကြောင်လှသည်ဟု

mgpoe.com

mgoe.com
SAMPLE BOOK


ကျွန်တော် သံသယဝင်မိသည်။ သို့သော်လည်း ကျွန်တော်မှ အစမပြုလျှင်လည်း အလုပ်က ဘယ်တော့မှ အပြီးသတ်မှာ မဟုတ်။

"ခင်ဗျား သိပ်ပြီး ဝင်လုပ်စရာ မလိုပါဘူး၊ ကျွန်တော်တို့ တိုင်တိုင်ပင်ပင်တော့ လုပ်ရမှာပေါ့၊ ဒါပေမဲ့ ဒီအတွက် ခင်ဗျား အချိန် သိပ်အကုန်မခံပါနဲ့၊ အကယ်၍များ ကျွန်တော့်သဘောနဲ့ပဲ လုပ်ပါဆိုလည်း ကိစ္စမရှိပါဘူး"

"ဒါဆိုရင်လည်း ရှင့်ကိုပဲ လွှဲထားလိုက်တော့မယ်၊ ကျွန်မလည်း ဒီကိစ္စတွေ နားမလည်ဘူး၊ ကျွန်မဘာသာ ကျွန်မ လုပ်ဆိုလည်း ငါးမိနစ်အတွင်း ဘာလုပ်ရမှန်း သိတော့မှာ မဟုတ်ဘူး"

ဟု သူမက ဆိုသည်။

"အရေးကြီးတာက ကျွန်တော်တို့ဟာ တစ်ဖွဲ့တည်းသားတွေဆိုတာ သဘောပေါက်ဖို့ပဲ၊ နောက်ဆုံးတော့ ခင်ဗျားက ကျွန်တော့်ကို ယုံကြည်မှုရှိ၊ မရှိပေါ်မှာပဲ မူတည်တယ်"

ကျွန်တော်က ပြောလိုက်သည်။

"ကျွန်မ ရှင့်ကို ယုံပါတယ်"

ဟု သူမက ဆိုသည်။

"လောလောဆယ်တော့ ကျွန်တော့်ကို ယုံကြည်နိုင်လောက်အောင် ဘာမှတော့ မပြနိုင်သေးဘူး"

"ကျွန်မ သိပါတယ်၊ ဒါပေမဲ့ ကျွန်မ ရှင့်ကို ယုံပါတယ်"

"ဒီလိုပဲ ယုံလိုက်တာပဲလား"

"ဟုတ်တယ်၊ ဒီလိုပဲ ယုံလိုက်တာပဲ"

သူမက ကျွန်တော့်ကို ထပ်ပြုံးပြသည်။ ဒီနောက်တော့ ကျွန်တော်တို့ ဖန်ရှော၏ စာမူများ အကြောင်း ထပ်မပြောကြတော့။ ဘယ်လို စကြမလဲ၊ ဘယ်လို ထုတ်ဝေသူမျိုးက စိတ်ဝင်စားမလဲ။ ဘယ်သူတွေကို ဆက်သွယ်ရမလဲ စသည်ဖြင့် အသေးစိတ်တွေကို ဆွေးနွေးဖို့ ကြံစည်ခဲ့ပေမယ့် အခုတော့ သိပ်ပြီး အရေးမကြီးလှတော့။ ဆိုဖီက ဒီအကြောင်းတွေ သိပ်စဉ်းစားချင်ပုံမရ။ အခုတော့ ကျွန်တော်ကလည်း သူမ ကိုယ်တိုင်ပါစရာ မလိုဟု နှစ်သိမ့်ခဲ့ပြီးပြီ။ လပေါင်းများစွာ ခေါင်းစားနေရသည့် ကိစ္စတစ်ခုကို ခဏလောက်တော့ မေ့ထားလိုက်လို့ ရပြီ။ ပြီးတော့ ဒီစားသောက်ဆိုင်၊ အစားအသောက်၊ ပတ်ဝန်းကျင်က ရယ်သံတွေ၊ နေ့စဉ် ပတ်ဝန်းကျင်ကို မေ့ထားနိုင်တာတွေကြောင့်

mgoe.com

m g y e . c o m  SAMPLE BOOK 

သူမမှာ ဒီအခိုက်အတန့်လေးကိုပဲ သာယာနစ်မျောချင်ပုံ ရသည်။ သူမ ကိုယ်တိုင် ဒါတွေ အားလုံးထဲ မွေ့လျော်နေမှ ကျွန်တော်က ဘာကြောင့် မလိုက်ပါဘဲ နေရမည်နည်း။

ထိုညက ကျွန်တော်လည်း စိတ်ရွှင်နေခဲ့သည်။ ဆိုဖီက ကျွန်တော့်ကို နိုးကြားတက်ကြွစေပြီး စကားပြောလို့ ကောင်းလာစေသည်။ ကျွန်တော်က ဟာသတွေနှင့် အရွှန်းဖောက်သည်။ စုံစီနဖာ ဇာတ်လမ်းတွေ ပြောပြသည်။ ငွေထည်ပစ္စည်းတွေနှင့် မျက်လှည့်ပြသည်။ အမျိုးသမီးက လှလွန်းသည့်အတွက် ကျွန်တော့်မှာ သူမဆီက မျက်လုံးကို ခွာဖို့ ခက်နေခဲ့သည်။ ကျွန်တော်က သူမ ရယ်ပြုံးနေတာ မြင်ချင်သည်။ ကျွန်တော် ပြောလိုက်သည့် စကားကြောင့် သူမမျက်နှာမှာ ဘယ်လို ပြောင်းလဲသွားသလဲ သိချင်သည်။ သူမ၏ ဟန်အမူအရာကို ကြည့်ချင်သည်။

ကျွန်တော် ဘယ်လို အဓိပ္ပာယ်မရှိတာတွေ လုပ်မိသလဲ ဘုရားသခင်သာ သိလိမ့်မည်။ ကျွန်တော်ကတော့ အတတ်နိုင်ဆုံး ကိုယ့်ကိုယ်ကိုယ် ခွာပြီး ဒီ နှစ်လိုဖွယ် ဆွဲဆောင်မှုတွေအောက်မှာ ကျွန်တော့် စိတ်ကူးကြံရွယ်ချက်တွေကို ဖုံးကွယ်မြှုပ်နှံထားခဲ့သည်။ ဒီအပိုင်းက အတော်တော့ ခက်ခဲလှသည်။ သူမအနေနဲ့ အထီးကျန် နေလိမ့်မည်ဆိုတာ၊ သူမဘေးမှာ သူမကို နှစ်သိမ့်မှု ပေးနိုင်သော နွေးထွေးသည့် ခန္ဓာကိုယ်တစ်ခု လိုအပ်နေသည် ဆိုတာ ကျွန်တော် သိပါသည်။ ကောက်ရိုးပုံထဲ အမြန်ဆုံး လိမ့်ဝင်လိုက်တာမျိုး ကျွန်တော် မလုပ်ချင်။ စိတ်လောကြီးပြီးလုပ်ရှားလျှင် တစ်စစီ ဖြစ်သွားနိုင်သည်။ ယခု ကနဦးအဆင့်မှာတော့ ဖန်ရှောက ကျွန်တော်တို့ နှစ်ဦးကြား ဖွင့်မပြောသည့်ဆက်နွယ်မှု၊ မမြင်နိုင်သည့် အားတစ်ခုအဖြစ် ကျွန်တော်တို့ စိတ်ထဲမှာ ရှိနေဆဲ။ သူ ပျောက်ကွယ်သွားဖို့ ကျွန်တော်တို့ အချိန်အတိုင်းအတာ တစ်ခု ယူရလိမ့်မည်။ အဲဒီအချိန် မရောက်မီအထိ ကျွန်တော် စောင့်ဖို့ စိတ်သန်ထားသည်။

ဒီအခြေအနေတွေ အားလုံးက သိမ်မွေ့လှပသည့် အားပြိုင်မှုလေး တစ်ခုကို ဖန်တီးခဲ့သည်။ ညဉ့်က နက်လာသည့်အခါ သာမန် မှတ်ချက်ကလေးကပင် ရမ္မက်ဆန်သည့် လေသံများ စွက်လာခဲ့သည်။ စကားလုံးတွေက သာမန်စကားလုံးတွေ မဟုတ်တော့။ အထာတွေနှင့် ဖြစ်လာသည်။ ပြောပြီးသား အကြောင်းအရာတွေမှာပဲ ဝေ့ကာဝိုက်ကာ ပတ်ပြော နေခဲ့သည်။

m g y e . c o m

mgyoe.com
SAMPLE BOOK


ကွေ့ပတ်ပြီး ပြောနေသမျှ ဒီမန္တန်က ပျက်ပြယ်မှာ မဟုတ်။ ကျွန်တော်တို့ နှစ်ဦးသားလည်း ဒီလို ကျီစယ်နည်းကို အလိုအလျောက် သုံးစွဲမိကြသည်။ နှစ်ယောက်လုံးကလည်း ဒီ ပဟေဠိဖွက်နည်းကို နှစ်ခြိုက်နေကြသည့်အတွက် ဒီကစားနည်းက ပိုပြီးပင် အားကောင်းလာခဲ့သည်။ နှစ်ယောက်သားက ဘာလုပ်နေကြတာလဲ ဆိုတာလည်း သိသည်။ သို့သော် တစ်ချိန်တည်းတွင် မသိချင်ဟန်လည်း ဆောင်နေခဲ့ကြသည်။ ဒီလိုနဲ့ပဲ ကျွန်တော်၏ ဆိုဖီ့အပေါ် လှုပ်ရှားလှုပ်ခြင်းက နှေးကွေးစွာ၊ တည်ကြည်စွာ၊ စဉ်းငယ်မျှ တိုးတက်မှုကို တည်ဆောက်ကာ စတင်ခဲ့သည်။

ညစာ စားပြီးနောက် ကျွန်တော်တို့လည်း နိုဝင်ဘာ ည၏ အမှောင်ထု အောက်မှာ မိနစ်နှစ်ဆယ်လောက် လမ်းလျှောက်ကြသည်။ ထို့နောက် မြို့လယ် ဘားတစ်ခုမှာ ဝင်သောက်ကြသည်။ ကျွန်တော်က စီးကရက်တစ်လိပ်ပြီး တစ်လိပ် သောက်နေခဲ့သည်။ ကျွန်တော်၏ ဇလောင်ဆူနေသော အတွင်းစိတ် ကို ပြနေသည့် တစ်ခုတည်းသော သဲလွန်စ။ ဆိုဖီက မင်နီဆိုတာရှိ သူ့ မိသားစုအကြောင်း နည်းနည်းပါးပါး ပြောပြသည်။ သူမ၏ ညီမသုံးယောက်၊ လွန်ခဲ့သည့် ရှစ်နှစ်က နယူးယော့ခ်ကို ရောက်လာခဲ့ပုံ၊ သူမ၏ ဂီတ သင်ကြားမှု အကြောင်း၊ လာမည့် ဆောင်းတွင်းတွင် ပြန်ဖို့ စဉ်းစားထားသည့် အကြောင်း စသည်ဖြင့်။ သို့သော် ကျွန်တော်တို့မှာ အဲဒီအချိန်က အူရှုပ်နေကြသဖြင့် မှတ်ချက်တိုင်းက ဆက်ဆက်ပြီး ရယ်မောဖို့ ဖြစ်နေခဲ့သည်။ အမှန်တော့ ဆက်ချင်ကြသေးသည်။ သို့သော် ကလေးထိန်းကို ငဲ့ကွက်ပြီး ကျွန်တော်တို့ သန်းခေါင်နားနီးနီးတွင် စကားကို ဖြတ်လိုက်ကြတော့သည်။ ကျွန်တော်က ထိုညအဖို့ နောက်ဆုံး အားထုတ်မှုအနေနဲ့ သူမ အခန်းတံခါးဝအထိ လိုက်ပို့ ပေးသည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ခွဲစိတ်ကုသမှုက အောင်မြင်ပါ တယ်"

ဆိုဖီက ပြောသည်။

"ကျွန်တော့်လူနာတွေက အမြဲ ရှင်ကြတာချည်းပါပဲ၊ ရယ်မောစေတဲ့ ဓာတ်ငွေ့ အစွမ်းပေါ့၊ ကျွန်တော်က အစို့ကို လှည့်ပေးလိုက်ရုံပဲ၊ တစ် ဖြည်းဖြည်း သက်သာလာကြတာပဲ"

"ဒီဓာတ်ငွေ့က စွဲလမ်းစေတတ်တယ် ထင်ပါရဲ့"

mgyoe.com

mgyoe.com
SAMPLE BOOK

''အဲဒါက အဓိကပဲလေ၊ လူနာတွေက ကျွန်တော့်ဆီ ပြန်ပြန်ပြီး လာရတော့တယ်၊ တစ်ခါတစ်ရံ တစ်ပတ်မှာ နှစ်ကြိမ် သုံးကြိမ်လောက်၊ ကျွန်တော့်ရဲ့ ပန်းခြံရိပ်သာတိုက်ခန်းနဲ့ ပြင်သစ်က နွေရာသီ သွားနေတဲ့ အိမ်လေးအတွက် ဘယ်က ပိုက်ဆံရတယ် ထင်လို့လဲ''

''ဒါဖြင့် နောက်ကွယ်မှာ ရည်မှန်းချက် ရှိတယ်ပေါ့''

''ဒါပေါ့၊ ကျွန်တော်က လောဘနဲ့ လုပ်နေတာပဲ''

''ရှင့်ဆေးခန်းကတော့ အတော်အောင်မြင်မှာပဲ''

''ဒါပေါ့၊ ဒါပေမဲ့ အခုတော့ ဘယ်လိုပဲဖြစ်စေ နားလိုက်တော့မယ်၊ ဒီရက်ပိုင်းမှာ လူနာတစ်ယောက်တည်းကိုပဲ အချိန်ပေးတော့မယ်၊ ဒါပေမဲ့ သူမက ကျွန်တော့်ဆေးခန်း ပြန်လာပါ့မလား သိပ်မသေချာဘူး''

''သူမ ပြန်လာမှာပါ၊ ရှင် စိတ်ချသာထားလိုက်ပါ''

သူမက ရှက် ကိုး ရှက်ကန်းနှင့် ကျွန်တော်မြင်ဖူးသမျှ အတောက်ပဆုံး အပြုံးကို ပြုံးပြီး ပြောလိုက်သည်။

''ဒီလို သိရတာ ဝမ်းသာပါတယ်၊ ကျွန်တော့် တပည့်ကို သူမနဲ့ နောက်တစ်ကြိမ် ချိန်းဖို့ ဖုန်းဆက်ခိုင်းလိုက်ပါ့မယ်''

''မြန်လေ ကောင်းလေပေါ့၊ ရေရှည်ကုမှာဆိုတော့ ရှင် နည်းနည်း လေးမှ အချိန်ဖြုန်းလို့ မရဘူး မဟုတ်လား''

''ကောင်းလိုက်တဲ့ အကြံပါပဲ၊ နောက်ထပ် ရယ်မောစေတဲ့ ဓာတ်ငွေ့ တွေ ဆက်ဆက်မှာလိုက်ပါ့မယ်''

''မှာသာ မှာလိုက်ပါ ဒေါက်တာ၊ ကျွန်မအတွက် တကယ့်ကို လိုအပ်တယ်လို့ ထင်ပါတယ်''

ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် ထပ်ပြုံးပြလိုက်ကြပြီး ကျွန်တော်က သူမကို ဖက်ပွေ့ကာ နှုတ်ခမ်းကို လျှပ်တစ်ပြက် အနမ်းလေး ပေးပြီး လှေကားကနေ အမြန်ဆုံး ဆင်းလာခဲ့မိသည်။

ကျွန်တော်လည်း အိမ်ကို တန်းပြန်လာခဲ့သည်။ အိပ်ချင်စိတ် မရှိသေး။ တယ်လီဗွီးရှင်းက လာနေသည့် မာကိုပိုလိုအကြောင်း ရုပ်ရှင် ကားကို နှစ်နာရီလောက် ကြည့်နေလိုက်သည်။ မနက် လေးနာရီလောက် မိုးသောက်စ အချိန်မှပဲ ခြေကုန်လက်ပန်းကျ အိပ်ပျော်သွားတော့သည်။

✧

mgyoe.com
SAMPLE BOOK


ပထမဆုံးအနေဖြင့် ကျွန်တော်က စာအုပ်တိုက်ကြီး တစ်ခု၏ အယ်ဒီတာ စတူးဝပ်ဂရင်းနှင့် ဆက်သွယ်သည်။ ကျွန်တော် သူ့ကို ကောင်းကောင်းတော့ မသိ။ သို့ပေမဲ့ ကျွန်တော်တို့က တစ်မြို့တည်းသားများ ဖြစ်ကြပြီး သူညီ ရော်ဂျာကလည်း ဖန်ရှောတို့၊ ကျွန်တော်တို့နှင့်အတူ ကျောင်းနေဖက် သူငယ်ချင်းများ ဖြစ်သည်။ ကျွန်တော့်အနေနဲ့ စတူးဝပ် တစ်ယောက် ဖန်ရှောကို မှတ်မိလိမ့်ဦးမည်ဟု ထင်သည်။ ဒီလို စလိုက်တာပဲ အကောင်းဆုံး ဖြစ်မည်ဟု ထင်မိသည်။ ဒီနှစ်ပိုင်းအတွင်း ကျွန်တော်နှင့် စတူးဝပ်က မိတ်ဆုံပွဲ တွေမှာ တွေ့တတ်ကြသည်။ သုံးလေးကြိမ်လောက်တော့ ရှိမည်။ သူက အမြဲလို ခင်ခင်မင်မင် ဖော်ဖော်ရွေရွေနှင့် ရှေးဖြစ်ဟောင်းများကို ပြောပြ တတ်သည်။ ပြီးတော့ ကျွန်တော် ရော်ဂျာကို မှတ်ဆက်လိုက်တာကို ဆက်ဆက် ပြောလိုက်ပါမည်ဟု ကတိပေးတတ်သည်။ စတူးဝပ် ဘယ်လို တုံ့ပြန်မလဲတော့ ကျွန်တော် မသိ။ သို့သော်လည်း ဖုန်းထဲကနေ ကျွန်တော့်အသံ ကြားတော့ သူက ဝမ်းသာသွားပုံရသည်။ ကျွန်တော်တို့လည်း အဲဒီအပတ်ပဲ နေ့ခင်း နေ့လယ် သူ့ရုံးခန်းမှာ တွေ့ဖို့ ချိန်းလိုက်ကြသည်။

ဖန်ရှောကို လူနှင့် နာမည်တွဲမိဖို့ သူ့မှာ အချိန်ယူပြီး စဉ်းစားရသည်။ သူ့မှာ ဒီနာမည်ကို ရင်းနှီးနေသော်လည်း ဘယ်ကမှန်း မသိ။ ကျွန်တော်က ရော်ဂျာနှင့် ကျွန်တော်တို့တွေ ကျောင်းနေဖက်တွေဖြစ်ကြောင်း သူ့မှတ်ဉာဏ် ကို နည်းနည်းဆွပေးမှ သူ ရုတ်တရက် မှတ်မိသွားခဲ့သည်။

"ဩော်၊ ဟုတ်ပြီ၊ ဟုတ်တာပေါ့၊ ဖန်ရှော ဆိုတာ ထူးထူးခြားခြား နိုင်လှတဲ့ ကောင်လေးပဲ၊ ရော်ဂျာက သူ့ကို သမ္မတဖြစ်မယ့်သူလို့ အမြဲ ပြောလေ့ ရှိတယ်".

"ဟုတ်တယ်၊ အဲဒီတစ်ယောက်ပဲ"

ကျွန်တော်လည်း အတည်ပြုပေးလိုက်သည်။ ထို့နောက်မှ ဇာတ်လမ်းကို ပြောပြရသည်။

စတူးဝပ်က အတော့်ကို စေ့စပ်ပြီး တိကျသော လူမျိုး။ လည်စည်းနှင့် တွဲသား ဂျက်ကက်ကို ဝတ်ဆင်တတ်သည့် ဟားဗတ်ကျောင်းထွက် စတိုင်မျိုး။ လူကသာ ကုမ္ပဏီဝန်ထမ်းသာသာပေမယ့် စာအုပ်ထုတ်ဝေရေး လောကမှာ တော့ သူက ဆရာကြီး။ သူ့မှာ အတော်ကြီးစားခဲ့သဖြင့် အသက်သုံးဆယ်ကျော် လေးနဲ့ အကြီးတန်း အယ်ဒီတာ တစ်ယောက် ဖြစ်နေခဲ့ပြီ။ စိတ်ချ အားထား

mgyoe.com

mgyoe.com SAMPLE BOOK

ရပြီး တာဝန်ယူတတ်သော လူငယ်ဝန်ထမ်း တစ်ယောက် ဖြစ်နေခဲ့ပြီ။ သူ့မှာ တက်လမ်းက ဖြူးနေသည်မှာ အငြင်းပွားဖွယ် မရှိ။ ဒီလို ပြောနေရသည်က သူဟာ ကျွန်တော် ပြောသမျှ ဇာတ်လမ်းကို မစိစစ် မစဉ်းစားဘဲ လက်ခံမည့် သူမျိုး မဟုတ်ကြောင်း သိစေချင်၍သာ။ သူက သိပ်စိတ်ကူးယဉ် ခံစားတတ်သူ မဟုတ်။ သို့သော်လည်း သူက စိတ်ဝင်စားပုံပြပြီး နားထောင်ရင်းနှင့်ပင် စိတ်လှုပ်ရှားလာသည့် အသွင် ရှိသည်။

တကယ်တော့ သူ့ဘက်က ဘာမှ ဆုံးရှုံးစရာ မရှိ။ အကယ်၍ ဖန်ရှော ၏ စာမူက သူ့ကို မဆွဲဆောင်နိုင်လျှင် သူ ငြင်းဆန်လိုက်ရုံပဲ ဖြစ်သည်။ သူ့ အလုပ်မှာ ငြင်းပယ်ခြင်းက အခရာပင် မဟုတ်လား။ ဒီအတွက် သူက နှစ်ခါ စဉ်းစားမှာ မဟုတ်။ တစ်ဖက်တွင်လည်း ကျွန်တော် ပြောသလို ဖန်ရှော တစ်ယောက် တကယ့်စာရေးဆရာတစ်ယောက် ဖြစ်နေလျှင်တော့ သူ့ကို ထုတ်ဝေခြင်းဖြင့် စတူးဝပ် တစ်ယောက် နာမည်ကြီးလာဖို့ ရှိသည်။ လူမသိ သူမသိ အမေရိကန် ပါရမီရှင် စာရေးဆရာတစ်ယောက်ကို ရှာဖွေ ဖော်ထုတ် ပေးနိုင်သည့် ဂုဏ်သတင်း မွှေးပျံ့ဖို့ ရှိသည်။ နှစ်ပေါင်းများစွာ ဒီနာမည် တစ်လုံးနှင့် လုပ်စား၍ ရနိုင်သည်။

ကျွန်တော်လည်း သူ့ကို ဖန်ရှော၏ ဝတ္ထုလက်ရေးမူကြီးကို ကမ်း လိုက်သည်။

"သူ့မှာ ကဗျာတွေ၊ ပြဇာတ်တွေနဲ့ တခြား ဝတ္ထုနှစ်ပုဒ်လည်း ရှိပါသေးတယ် ခင်ဗျ၊ ဒါကတော့ ဖန်ရှောရဲ့ အဓိကလက်ရာကြီး ဖြစ်နေလို့ ပါ၊ ဒီတစ်အုပ် အဆင်မပြေရင်တော့ တခြားလက်ရာတွေလည်း ထုတ်ဖြစ် လိမ့်မယ် မထင်ဘူး"

ဟု ကျွန်တော်က ပြောလိုက်သည်။ ကျွန်တော်က *စိတ်ကူးကမ္ဘာ* ကို ရည်ညွှန်းသည်။ စတူးဝပ်က ခေါင်းစဉ်ကို သူ သဘောကျကြောင်း ပြောပြီး ဘယ်လိုစာအုပ်မျိုးလဲဟု မေးလာသည်။ ကျွန်တော်က ကျွန်တော် မပြောတာ ကောင်းလိမ့်မည်။ ကိုယ့်ဘာသာဖတ်တာ ပိုပြီး ကောင်းလိမ့်မည် ဟု ပြောလိုက်သည်။ သူက မျက်ခုံးကို တွန့်လိုက်ပြီး (ဒါက သူ အောက်စဖို့က နေ သင်ယူခဲ့တာ ဖြစ်မည်) သူ့ကို ဒီလိုလာပြီး မကစားသင့်ဘူးဆိုသည့် ပုံစံမျိုးနှင့်။ ကျွန်တော် သူ့ကို လာနောက်နေတာ မဟုတ်ပါဘူး။ ကျွန်တော် သူ့ကို အကျပ်ကိုင်တာမျိုး မလုပ်ချင်။ စာအုပ်က သူ့ဘာသာ ပြောပါလိမ့်မည်။